# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၀၅)


## ဗြာဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆရာသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန် အကောင်းနှင့် အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်စေရန်၊ အမှောင်ထုအတွင်း မကျရောက်စေရန် ဆောင်ရွက်ပေးနေကြသူများဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ
ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား**

ယနေ့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လူ့လောကတွင် ဆရာနှင့်ကင်းသူဟူ၍ မရှိပါ။ လူသားတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ အသီးသီးရှိကြသည်ချည်းသာဖြစ်ပါသည်။ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူး တန်ဖိုးကား အတိုင်းအဆမရှိ တုနှိုင်းမရအောင် ကြီးမားမြင့်မြတ်လှပေသည်။ မြင့်မြတ်သော ဆရာတို့၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးကာ လေးစားစွာဖြင့် ကမ္ဘာအနှံ့ ချီးမြှင့်ဂုဏ်ပြုလာခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ရောက်တိုင်း **"ဆရာကို တန်ဖိုးထားလို့ သူတို့အနာဂတ်ကို မြှင့်တင်ကြစို့"၊ "အနာဂတ်ဘဝ လှပဖို့ ဆရာများက ကြိုးစားစို့"၊** *စာမျက်နှာ ၃ ကော်လံ ၁* ❖



# လူမှုဖူလုံရေးအဖွဲ့ ကျန်းမာရေးဝန်ထမ်းများက ရေဘေးသင့်ဒေသများရှိ ပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၄

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဆေးကုသရေးအဖွဲ့ဝင်များသည် ရေဘေးဒဏ်ခံခဲ့ရသော ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးကျေးရွာသို့ ယမန်နေ့က သွားရောက်၍ နှာစေးချောင်းဆိုး၊ ဖျားနာ၊ ဝမ်းရောဂါနှင့် အထွေထွေအားနည်းရောဂါ ခံစားနေရသော လူနာများကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❒

**ယနေ့ ဖတ်စရာ**

## သီစေ၊ ကြားစေ ညွှန်းသက်သေ

ဆောင်းပါး | စာ ၆

## ရာသီဥတုပြောင်းလဲမှုကို ကျော်လွှားရေး စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်ဖော်ဆောင်ပေး

ဆောင်းပါး | စာ ၁၀

## ပထမဆုံးမျောက်ကျောက်ရောဂါ အရေးပေါ်စမ်းသပ်ကိရိယာ အသုံးပြုခွင့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု




နိုင်ငံတကာသတင်း | စာ ၁၃

## စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

ပြည်တွင်းသတင်း | စာ ၁၅

ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၅) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

❖ *ရွှေဖုံးမှ*

**"ဆရာ၊ ဆရာမ တန်းတူညီ၊ လူ့ဘောင်ပြည့်ရွှာသာယာမည်"၊ "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများက အစပြု"** စသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် ဆောင်ပုဒ်များချမှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း (၃၁)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးသိမြင် ဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့လာခဲ့ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထိတိုင်အောင်ဖြစ်သည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မိမိသိလိုသော ဝိသုဒ္ဓိမဂ် ခုနစ်တန်အကြောင်းကို ဟောပြနိုင်သည့် ရှင်ပုဏ္ဏထေရ်ကို ဦးထိပ်၌ ရွက်ထားလိုသည်ဟု ဆိုမိန့်ခဲ့သည်။ ထို့ပြင် ရှင်အဿဇိထေရ်ဟောကြားသော တရားတော်ကို နာကြားရသည်မှစ၍ ဗုဒ္ဓ၏တရားမှန်ကို ရခဲ့သည်ဟုဆိုကာ ဆရာဖြစ်သူရှင်အဿဇိထေရ် ရှိရာအရပ်ကို အမြဲတစေ ဦးခေါင်းပြု၍ ကျိန်းစက်တော်မူခဲ့သည်မှာလည်း ဆရာကို ရိုသေမြတ်နိုးခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ခြင်းပင်ဖြစ်သည်။

မင်းတုန်းမင်းသည် ငယ်ဆရာ စံကျောင်းဆရာတော်အား မိမိဘုရင်ဖြစ်လာသောအခါ ချီးမြှင့်မြှောက်စားခြင်းဖြင့် ကျေးဇူးဆပ်ခဲ့သည်။ ရှေးမြန်မာမင်းတို့သည် မိမိတို့အား တရားပြ၍ ဆုံးမသော ရဟန်းတော်တို့၏ ကျေးဇူးကိုသိမြင်သည့်အလျောက် ကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုပြု၍ ချီးမြှင့်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ် ဆရာကန်တော့ပွဲများကို ကျောင်းအလိုက် တက္ကသိုလ်အလိုက် ကျင်းပပြီး ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့ ရိုသေစွာပေးဆပ်နေကြသည့် မြင်ကွင်းများကို တွေ့မြင်ကြရသည်မှာ ဂုဏ်ယူကြည်နူးဖွယ် မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပါသည်။

ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် **"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ"** တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟု သတ်မှတ်ကြသည်။ တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို ဝိဇ္ဇာသိပ္ပံဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့် လူတော်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တမြင့်မားသည့် လူကောင်းများဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့် ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ် မူတည်ပြီး လင်းလက်တောက်ပနိုင်ပါသည်။

သားသမီးများအတွက် မိဘများသည် မွေးဖွားသည်မှစ၍ ကျောင်းနေခွင့်မရမီ သိသင့်သိထိုက်၊ ပြောသင့်ပြောထိုက်၊ ပြုမူသင့်ပြုမူထိုက်သည်များကို ဆုံးမသင်ကြားပေးကြပါသည်။ နွေးထွေးသော မိဘရင်ခွင်မှ စာသင်ကျောင်းဆီသို့ ဦးတည်ခိုဝင်လာကြသည့်အခါတွင်လည်း ဆရာ ဆရာမတို့သည် မိမိတို့၏တပည့်များကို ဆင်းရဲချမ်းသာမရွေး၊ အယုတ်အလတ်အမြတ်မရွေး နွေးထွေးသော ကြင်နာစွာလက်ကမ်း၍ မေတ္တာဖြင့်ကြိုဆိုခဲ့ကြသည်။ **"လက်ဦး ဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"** သည် ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကို ပထမဦးဆုံး လွှမ်းမိုးပြုစုပျိုးထောင်သူများ ဖြစ်ကြပါသည်။ တပည့်များကို မိမိတို့၏သားသမီးအရင်းကဲ့သို့ သဘောထားကာ တပည့်များ၏ဘဝ မတိမ်းစောင်းစေရန် မှန်ကန်တည့်မတ်အောင်မြင်ကြစေရန် စေတနာဖြင့် ပဲ့ပြင်ထိန်းကျောင်းပေးခဲ့ကြပါသည်။

❖ **ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဆရာတို့သည် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ" ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝနှလုံးလှအောင် ပညာသင်ကြားပေးကြပါသည်**

ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဆရာတို့သည် **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ"** ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝ နှလုံးလှအောင် ပညာသင်ကြားပေးကြပါသည်။ မေတ္တာကရုဏာဖြင့် လမ်းမှားသို့ မရောက်အောင် လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမပေးကြပါသည်။ ထို့ကြောင့် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ (ဒိဋ္ဌာ စရိယ)၊ ကြားဆရာ (သုတစရိယ) အစရှိသော ပညာဖြန့်ဝေပေးသူကို **"အာစရိယ ဆရာ"** ဟူ၍လည်းကောင်း၊ တပည့်တို့ကို လိမ္မာအောင် ပဲ့ပြင်သွန်သင် ဆုံးမပေးသူကို **"ဥပဇ္ဈာယ်ဆရာ"** ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤကြီးမြတ်လှသော ဂုဏ်ဒြပ်နှစ်ရပ်နှင့် ကုံလုံပြည့်စုံသော ကျေးဇူးရှင်ဆရာများ၏ တန်ဖိုးကားတုနှိုင်း၍မရနိုင်ပါ။

ဆရာသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှလွတ်မြောက်စေရန်၊ အမှောင်ထုအတွင်း မကျရောက်စေရန် ဆောင်ရွက်ပေးနေကြသူများ ဖြစ်ကြပါသည်။ ဆရာသည် လူသားအချင်းချင်း ချစ်မြတ်နိုးကြစေရန် လုပ်ပေးနိုင်သူ၊ တပည့်များ၏ ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသဖြင့် လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်ဟုပင် တင်စားသတ်မှတ်ကြပါသည်။

ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်း ပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် အသိပညာပေး ဆုံးမကြရပါမည်။ **"ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"** ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရပါမည်။ နိုင်ငံ့အတွက် အမျိုးသားရေးတာဝန်များဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ် ကိန်းအောင်းတိုးပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ညွှန်ပြပေးကြရပါမည်။

ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ဘက်စုံကျွမ်းကျင်သော စနစ်သစ်ပညာရေး အလျင်အမြန်အောင်မြင်စေရန်မှာ ဆရာတို့၏ အဓိကတာဝန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းစေရန် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာများသာဖြစ်ကြပါသည်။ လူသားမျိုးဆက်ကို ထက်မြက်အောင်လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားစေရန်၊ ငြိမ်းချမ်းစေရန် လုပ်ဆောင်နေကြသူများမှာလည်း ဆရာများပင် ဖြစ်ပါသည်။ အစဉ်တိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာဆည်းပူးဖြည့်ဆည်းနေကြရမည်ဖြစ်ပါသည်။

ဆရာ ဆရာမများသည် ဘဝတစ်လျှောက် အမြဲသင်ယူလေ့လာနေရသူများဖြစ်သဖြင့် အစဉ်ပြောင်းလဲနေသော ခေတ်နှင့်အညီ စာကြည့်တိုက်များ၊ စာအုပ်စာစောင်များနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး မိမိတို့၏အရည်အသွေးများ တိုးတက်နေအောင် ကိုယ်တိုင် လေ့လာသင်ယူဆည်းပူးနေကြရန် လိုအပ်ပါသည်။ မိမိသာမက မိမိတပည့်များကိုလည်း ကျောင်းပညာ၊ အတန်းပညာများ ပြီးဆုံးပြီးနောက် စာအုပ်စာပေဖတ်ရှုကာ ဘဝတစ်သက်တာ လေ့လာသင်ယူတတ်သူများဖြစ်စေရန် လမ်းညွှန်ပြသပေးကြရမည်ဖြစ်ပါသည်။

ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade 11 နှင့် Grade 12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးကြရမည်ဖြစ်ပါသည်။

ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင်ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ **"တပည့်များစွာ၊ ငါ့ထက်သာ၍၊ နေရာတိုင်းမှာ၊ အရေးပါ"** ဆိုသည့်စကားနှင့်အညီ စည်းကမ်းရှိသော၊ အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။

ယခုအခါ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ပင်ကိုအရည်အချင်း၊ စွမ်းရည်များပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရှင်သန်အားကောင်းနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုးသယ်ပိုးကြမည့် အနာဂတ်နိုင်ငံ့သားကောင်း သမီးကောင်းရတနာများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဆရာ ဆရာမများသည် တပည့်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် သင်ကြားပြသပေးနေကြသည်ဖြစ်ရာ ဆရာ ဆရာမများ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခဲ့ကာ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးသကဲ့သို့ ဆရာ ဆရာမ အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်အဖြစ် **"ဆရာများ၏ ရင်ဖွင့်သံကို အလေးထားကြပါစို့ (Valuing Teachers' Voices)"** ဟုသတ်မှတ်ထားသည်နှင့်အညီ ဆရာများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကို အာရုံစိုက်ဖြေရှင်းပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ဆရာများ၏ ကျွမ်းကျင်သော အတတ်ပညာများကို အမိအရ ရယူကြ၍ မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာကြွယ်ဝပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိအောင် သင်ယူလေ့လာကြပါရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် သာယာချမ်းမြေ့ကြပါစေ။

**"ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်း ပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် အသိပညာပေးဆုံးမကြရပါမည်။ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား" ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရပါမည်။ နိုင်ငံ့အတွက် အမျိုးသားရေး တာဝန်များဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ် ကိန်းအောင်းတိုးပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ညွှန်ပြပေးကြရပါမည် "**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် ဟသ်ာတမြို့ ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြို၊ ကမ်းစားအခြေအနေများ ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြို ကမ်းစားအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)





ထို့နောက် ဟသ်ာတမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သဃ်န်းတောကျေးရွာ၌လည်းကောင်း၊ လေးမျက်နှာမြို့ အမှတ်(၃)ရပ်ကွက်၌ လည်းကောင်း တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် စတုမုခထူပါရုံစေတီတော်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ သဘော့ကုန်းကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနေမှုကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ ကျောက်ချောင်းကျေးရွာရှိ တောင်သူ ဦးအောင်မျိုးထက်၏ စိုက်ကေ ၅ ဒသမ ၈၅ ကေတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်များဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးနေမှုများကို လည်းကောင်း၊ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်၌ သန်းခေါင်စာရင်း ကောက်ယူနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ် အားကစားခန်းမ၌ ပြုလုပ်သည့်တွေ့ဆုံပွဲသို့ တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် နီးကြားသောအသိ၊ နိုးကြားသော သတိဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ကျုံပျော်မြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ တောင်သူဦးစိန်မောင်၏ စိုက်ကေ ၃ ဒသမ ၅ ကေတွင် GW-11 စပါးမျိုး စံကွက်ရိတ်သိမ်းနေမှုကို လည်းကောင်း၊ ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာရှိ တောင်သူ ဦးအောင်မျိုးသန်း၏ စပါးပျက်စီး စိုက်ကေ ၁၇ ကေနှင့် တောင်သူဦးမင်းမင်းဦး၏ စိုက်ကေ ၁၀ ကေတွင် ဆင်းသုခစပါးမျိုးကို ကောက်စိုက်သမများ၊ drum seeder များဖြင့် စိုက်ပျိုးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်း/ ရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**ယှဉ်ပြိုင်ကစား**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (A) ၌ ကကွက်ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲကို အသီးသီး ယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော် အရာရှိကြီးများနှင့် တပ်မတော် တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



**ဘော်လီဘောပြိုင်ပွဲ**

ထို့ပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (B) ၌ အမျိုးသား ကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (C) ၌ (ဝဲပုံ) အားကစား အမျိုးအစားအလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်း ပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားရုံ၌ လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

**ဘောလုံးပြိုင်ပွဲ**

အလားတူ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ အကြိုဗိုလ်လုပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဗိုလ်လုပွဲသို့ တက်ရောက်သည်။

**ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ ရှေ့ဖုံးမှ

အဆိုပါ ကျေးရွာရှိ အမျိုးသား ၃၀၊ အမျိုးသမီး ၅၅ ဦးနှင့် သံဃာတော် ၁၆ ပါးတို့ကို လူမှုဖူလုံရေးအဖွဲ့မှ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး Valves Private Limited မှ လှူဒါန်းသော ဖိနပ်အရန် ၁၁၀၀ ကို ကျေးရွာနေပြည်သူများထံ ပေးအပ်သည်။

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် အကျုံးဝင် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အခါအားလျော်စွာ စောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဆက်လက်ကူညီပံ့ပိုးသွားမည်ဟုဆို

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဒုတိယအဆင့်အနေဖြင့် ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဟု ထုတ်ပြန်ထားသည်။



**သွားရောက်လှူဒါန်း**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအနေဖြင့် အကူအညီလိုအပ်နေသော ပြည်သူများအတွက် အသင်းသူ အသင်းသားများနှင့် အလှူရှင်များက လှူဒါန်းခဲ့ကြသော အလှူငွေများထဲမှ ပထမအဆင့်၏ "လက်ကမ်းအလှူပက်ကေ့ချ်" အစီအစဉ်ဖြင့် ငွေကျပ်သိန်း ၁၀၀၀ မတည်ကာ အိမ်ထောင်စု ၁၀၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ စသည့် အခြေခံလူသုံးကုန်နှင့် စားသောက်ကုန် (စုစုပေါင်း ၁၉ မျိုး) ကို နေပြည်တော်ရှိ ရေဘေးသင့်ဒေသများ စက်ရုံကျေးရွာ၊ သာယာစုကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာနှင့် ချောင်းကမ်းကြီး ကျေးရွာများသို့ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သွားရောက်လှူဒါန်းခဲ့ပြီး ရှမ်းပြည်နယ် ဟိုပုံးမြို့၌ သဘာဝဘေးအန္တရာယ် ခံစားနေရသော ဒေသများသို့လည်း လှူဒါန်းခဲ့ကြောင်းလည်း ဖော်ပြထားသည်။

**ဆက်လက်ကူညီသွားမည်**

ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးကူညီနိုင်ရန် ဒုတိယအဆင့်အနေဖြင့် ပျက်စီး၊ ပြိုလဲနေအိမ်များကို ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ဆက်လက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ထို့ကြောင့် ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အသင်းနှင့်အတူ ပံ့ပိုးကူညီနိုင်ရန်အတွက် (၉) လွှာ၊ UMFCCI Tower အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဖုန်း ၀၁-၂၃၁၄၈၂၉၊ ၀၁-၂၃၀၀၂၅၉(Ext:၁၄) နှင့် ၀၉-၂၅၀၀၀ ၁၃၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းလည်း တိုက်တွန်းထားသည်။

**MT**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာဂျစ် ဒုတိယဝန်ကြီးချုပ်၊ နီပေါနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီတွေ့ဆုံ

ဒိုဟာ အောက်တိုဘာ ၄

**တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ရန် ဒိုဟာမြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၃ ရက်က ကာဂျစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ အီဒေးဘိုင် ဆလေ့ဗ်နှင့်လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဇူရာနာဒူဘာနှင့်လည်းကောင်း (ယာပုံ) ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ တွေ့ဆုံသည်။**



ကာဂျစ် ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး မြန်မာ - ကာဂျစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုလသမဂ္ဂနှင့် အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နီပေါနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့် နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ကျောင်းသားဖလှယ်ရေး အစီအစဉ်များ ဖော်ထုတ်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်ရေး

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဒိုဟာမြို့သို့ အသွား ဘန်ကောက်မြို့၌ ခရီးတစ်ထောက် ရပ်နားစဉ် အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်နှင့် ဘန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ်ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည်လည်း ထိပ်သီးအစည်းအဝေး ကာလအတွင်း အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် စီးပွားရေးဖိုရမ်နှင့် စီးပွားရေးဆိုင်ရာ အစည်းအဝေးများ (B2B Meetings) သို့ တက်ရောက်ကာ စီးပွားရေးဖိုရမ်၌ မိန့်ခွန်း တစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ၎င်း၏ မိန့်ခွန်း၌ အေအိုင်/ဉာဏ်ရည်တုနည်းပညာ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် သက်ဆိုင်သည့် စီးပွားရေးပုံစံသစ်များနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

### တက်ရောက်ဆွေးနွေး

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးသည် အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် အားကစားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းလှမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

**အထက်မင်းလှ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

### ကြည့်ရှုအားပေး

ထို့နောက် သင်တန်းများတွင် ထူးချွန်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး ဒေသထွက်ကုန်အဝတ်အထည်များ၊ စားသောက်ကုန်များအား ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# သိစေ၊ ကြားစေ ညွှန်းသက်သေ

မင်းခန့်

- အပြစ်မဲ့ပြည်သူတွေမှန်းသိလျက်နဲ့ ရက်ရက်စက်စက် ရိုင်းစိုင်းယုတ်မာစွာ လုပ်ကြံသတ်ဖြတ်၊ ပစ်ခတ်တိုက်ခိုက်တဲ့ဖြစ်စဉ်တွေ အများအပြား ရှိနေပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့အထိ အကြမ်းဖက်အဖွဲ့ NUG ရဲ့ စေခိုင်းချက်အရ အကြမ်းဖက်သမား PDF တွေရဲ့ လက်ချက်ဖြင့် သေဆုံးရသူ ၆၆၆၇ ဦးရှိပြီဖြစ်
- www. infosheet.org ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ ဒလန်အဖြစ်စွပ်စွဲပြီး သာမန်ပြည်သူ ၅၃၁၂ ဦး၊ အုပ်ချုပ်ရေးမှူး ၈၃၃ ဦး၊ ကျောင်းဆရာ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ အခြားဝန်ထမ်း ၂၇၉ ဦး၊ စစ်မှုထမ်းဟောင်း ၆၅ ဦး၊ သီလရှင် ၂ ပါး၊ သံဃာ ၈၄ ပါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရ

သိစေ၊ ကြားစေချင်တဲ့ အကြောင်းအရာကတော့ "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆနဲ့ သူတို့ကို မထောက်ခံရင် အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့ CRPH ၊ NUG နဲ့ သူ့တို့ရဲ့ လက်ဝေခံ PDF အဖွဲ့များရဲ့ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပါတယ်။

ညွှန်းဆိုချင်တဲ့ သက်သေကတော့ အဲဒီအကြမ်းဖက်အဖွဲ့တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ အပြစ်မဲ့ပြည်သူများအပေါ် သတ်ဖြတ်နေတဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားများ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေများနဲ့အညီ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာထားတဲ့ CRPH ၊ NUG၊ PDF အဖွဲ့တွေနဲ့ NUG ကို ကိုယ်စားပြုထားတဲ့ လူပုဂ္ဂိုလ်တွေကို ထိတွေ့ဆက်ဆံအားပေးထောက်ခံနေတဲ့ တချို့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပြည်တွင်း ပြည်ပက လူပုဂ္ဂိုလ်များကို သိစေ၊ ကြားစေချင်တာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွေနောက်ပိုင်း ဆူပူဆန္ဒပြမှုတွေကတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေရခြင်းရဲ့ အကြောင်းအရင်းက အကြမ်းဖက်သမား CRPH နဲ့ NUG အဖွဲ့ဝင်တွေက နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နဲ့ ရယူဖို့ ကြိုးစားနေခြင်းကြောင့် ဖြစ်ပါတယ်။ NUG နဲ့ သူ့ရဲ့လက်ဝေခံ PDF တွေအနေနဲ့ မြန်မာပြည်တွင်းမှာ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်သတ်ဖြတ်မှုတွေ ကျူးလွန်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ အကြမ်းဖက် NUG အဖွဲ့ရဲ့ "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆကြောင့် ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားပြီး ဒလန်ခေါင်းစဉ်နဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ NUG ကို မထောက်ခံတဲ့ကျေးရွာများကို တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုတွေ လုပ်ဆောင်နေကြတာ စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အဆိုးရွားဆုံးကတော့ NUG၊ PDF တွေကို အားပေးထောက်ခံခြင်း မပြုတဲ့ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး/ လက်နက်ငယ်များ ဒရုန်းများအသုံးပြုပြီး အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်တိုက်ခိုက်ခြင်းတွေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ PDF များက လုပ်ဆောင်လျက်ရှိနေတာကိုလည်း လူမှုကွန်ရက်သတင်းများမှာ မကြာခဏ မြင်တွေ့ကြားသိနေရပါတယ်။

လတ်တလော စိတ်မကောင်းစရာဖြစ်စဉ်ကတော့ အကြမ်းဖက် NUG အဖွဲ့ရဲ့ လက်အောက်ခံ PDF အဖွဲ့တစ်ဖွဲ့က စက်တင်ဘာလ ၁၇ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး ကြွယ်ပုံကျေးရွာအနီး တောင်ယာလုပ်ဖို့သွားတဲ့ မော်တော်ယာဉ်နှစ်စီးကို လက်နက်ကြီး/လက်နက်ငယ်များနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့တဲ့ဖြစ်စဉ် ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ သေဆုံး၊ ဒဏ်ရာရခဲ့တဲ့ အမျိုးသမီးများဟာ အသက် ၁၉ နှစ်ကနေ ၃၂ နှစ်ကြား အရွယ်ကောင်း အမျိုးသမီးငယ်လေးများဖြစ်ပြီး ညီအစ်မ အရင်း သုံးယောက်ပါဝင်ကြောင်း သိရှိရပါတယ်။ ကြွယ်ပုံကျေးရွာဟာ တောင်ယာအလုပ်ကိုပဲ အများစုလုပ်ကိုင်ကြပြီး နိုင်ငံရေးအရှုပ်အထွေးတွေမှာ ဝင်ရောက်ပတ်သက်လေ့မရှိသလို အကြမ်းဖက်မှုတွေနဲ့ တရားမဝင် လက်နက်ကိုင်မှုတွေကိုလည်း ထောက်ခံအားပေးခြင်းမရှိတဲ့ရွာ ဖြစ်ပါတယ်။ ကြွယ်ပုံကျေးရွာအနီး လှုပ်ရှားနေတဲ့ PDF အဖွဲ့တွေကို လက်မခံသလို ရိက္ခာ၊ ဆက်ကြေးထောက်ပံ့မှုများ မလုပ်တဲ့ကျေးရွာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း PDF အဖွဲ့တွေက အငြိုးအတေးထားပြီး ဆက်ကြေးပေးရန် ပျက်ကွက်ခြင်း၊ သူတို့ကို ထောက်ခံအားပေးမှုမပြုလုပ်ခြင်း အကြောင်းပြချက်တွေနဲ့ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် တောင်ယာလုပ်ကိုင်ဖို့ ထွက်ခွာလာတဲ့ အမျိုးသမီးငယ်အများစုပါဝင်တဲ့ မော်တော်ယာဉ်ကို ကျေးရွာရဲ့ အရှေ့မြောက်ဘက် မီတာ ၁၃၀၀ ခန့် အကွာအရောက်မှာ အကြမ်းဖက်သမား PDF အင်အား ၃၀ ဦးခန့်က ၄၀ မမ လောင်ချာများ အပါအဝင် လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ထိခိုက်သေဆုံးခဲ့ရတဲ့ အပြစ်မဲ့ပြည်သူများဟာ စစ်ဘက်နှင့် သက်ဆိုင်ခြင်း မရှိသလို ရိုးသားစွာတောင်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံများသာဖြစ်ပါတယ်။ PDF တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်ရဲဇက်ရဲ ပစ်ခတ်တိုက်ခိုက်မှုဟာ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သလို ဘယ်လိုမှ လက်ခံလို့မရနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ထိခိုက်သေဆုံးခဲ့ရတဲ့ အမျိုးသမီးငယ်လေးများရဲ့ မိသားစုဝင်များသာမက မြင်တွေ့ကြားသိရတဲ့ ပြည်သူများကလည်း အကြမ်းဖက်သမား PDF တွေကို ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိပါတယ်။


အလားတူဖြစ်စဉ်မျိုး ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာမှာလည်း ဖြစ်ခဲ့ပါတယ်။ ဆုံရွာကျေးရွာက ရွာသူရွာသားများဟာ NUG ၊ PDF အဖွဲ့များကို လုံးဝမထောက်ခံဘဲ ကျေးရွာလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းပြီး ကိုယ့်မြို့ကိုယ့်ရွာ လုံခြုံရေးကို ဆောင်ရွက်နေကြသူများ ဖြစ်ပါတယ်။ ဒါကြောင့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက ရည်ရွယ်ချက်ရှိရှိနဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ ကျေးရွာအတွင်းကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူများထဲမှာ ကလေးငယ်များလည်း ပါဝင်ကြောင်း ကြားသိရလို့ တုန်လှုပ်ချောက်ချား၊ ဝမ်းနည်းကြေကွဲဖွယ်ရာသတင်းအဖြစ် ပြည်သူအများ ခံစားခဲ့ရပါတယ်။ ရိုင်းစိုင်းယုတ်မာရက်စက်တဲ့ PDF အမည်ခံ အကြမ်းဖက်သမားများဟာ ၎င်းတို့ဆုတ်ခွာချိန်မှာ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြလို့ နေအိမ် ၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်ကို ကြားသိရတဲ့ ပြည်သူများအနေနဲ့ NUG ၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသဖြင့် စက်ဆုပ်ရွံရှာ မုန်းတီးမှုများဖြစ်ပေါ်လာပြီး လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်း ၂၀ ကျော်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်များ ထုတ်ပြန်ခဲ့ကြပါတယ်။

ဒီလိုဆိုးရွားရက်စက်တဲ့ အစုလိုက်အပြုံလိုက် ပြည်သူတွေသတ်ဖြတ်ခံရခြင်းဟာ CRPH မှ တစ်ဆင့် ပေါ်ပေါက်လာတဲ့ NUG အဖွဲ့က လက်နက်၊ ခဲယမ်း၊ ငွေကြေး ထောက်ပံ့ပေးထားတဲ့ လက်ကိုင်တုတ် PDF အကြမ်းဖက်သမားများကြောင့်ဖြစ်တာကို အငြင်းပွားဖွယ်ရာမရှိ ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ဒီလို အပြစ်မဲ့ပြည်သူတွေမှန်းသိလျက်နဲ့ ရက်ရက်စက်စက် ရိုင်းစိုင်းယုတ်မာစွာ လုပ်ကြံသတ်ဖြတ်၊ ပစ်ခတ်တိုက်ခိုက်တဲ့ဖြစ်စဉ်တွေ အများအပြားရှိနေပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့အထိ အကြမ်းဖက်အဖွဲ့ NUG ရဲ့ စေခိုင်းချက်အရ အကြမ်းဖက်သမား PDF တွေရဲ့ လက်ချက်ဖြင့်

စာမျက်နှာ ၇ သို့




Global Terrorism Trend and Analysis Center မှ ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ PDF ၊ CDF ၊ KNDF တို့၏ အကြမ်းဖက်မှုအညွှန်းကိန်း။



စစ်ကိုင်းမြို့နယ်၊ ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးခဲ့ရသူများ



မြင်းခြံမြို့နယ်၊ ဆုံရွာမှ ကလေး/လူကြီး ၃၂ ယောက်ကို အကြမ်းဖက် PDF များ ရက်စက်စွာသတ်ဖြတ်

*စာမျက်နှာ ၆ မှ*

**သေဆုံးရသူ ၆၆၆၇ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။ အသေးစိတ်စာရင်းတွေကို www. infosheet. org ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ ဒလန် အဖြစ်စွပ်စွဲပြီး သာမန်ပြည်သူ ၅၃၁၂ ဦး၊ အုပ်ချုပ်ရေးမှူး ၈၃၃ ဦး၊ ကျောင်းဆရာ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ အခြားဝန်ထမ်း ၂၇၉ ဦး၊ စစ်မှုထမ်းဟောင်း ၆၅ ဦး၊ သီလရှင် ၂ ပါး၊ သံဃာ ၈၄ ပါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရကြောင်း သိရှိရပါတယ်။**

ဒီလို ငြင်းလို့မရတဲ့ သက်သေဖြစ်စဉ်တွေကနေ ညွှန်းဆိုပြသနေတဲ့ NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမျက်နှာစာမှာ မေးမှိန်အောင် ပြည်ဖျက်သတင်းမီဒီယာတွေ အနေနဲ့ သတင်းတု၊ သတင်းမှားများ ဖန်တီးပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်ငံရေးလှုပ်ရှားမှုများအဖြစ် ပုံဖော်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ လှုပ်ရှားမှုကို ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် လှုံ့ဆော်ဝါဒဖြန့်လျက်ရှိပါတယ်။

သို့သော် Global Terrorism Trend and Analysis Center မှ ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုအညွှန်းကိန်း သိသိသာသာမြင့်တက်နေပြီး အဲဒီလိုဖြစ်နေရခြင်းဟာ CDF၊ KNDF အဖွဲ့များအပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကြောင့် ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါတယ်။ အဲဒီအဖွဲ့ရဲ့အစီရင်ခံစာအရ PDF အဖွဲ့တွေရဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့ကဲ့သို့ အပြစ်မဲ့ပြည်သူတွေကို တိုက်ခိုက်မှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်းမှာလည်း အကြမ်းဖက်မှုအညွှန်းကိန်း ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဖော်ပြထားပေမယ့် အနောက်အုပ်စုနိုင်ငံများက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုတဲ့အတွက် NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ခေါင်းစဉ်အမျိုးမျိုးနဲ့ ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ခြင်း၊ အကြမ်းဖက် NUG နဲ့ပတ်သက်သူတွေကို ခိုလှုံခွင့်ပြုထားခြင်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒါ့အပြင် အင်အားကြီးနိုင်ငံအချို့အနေနဲ့ ဒီလို အကြမ်းဖက်အဖွဲ့တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ထိတွေ့ဆက်ဆံနေပြီး ငွေကြေးထောက်ပံ့ပေးမှုတွေ ပြုလုပ်ပေးနေခြင်းဟာ အကြမ်းဖက်အဖွဲ့တွေကို အားပေးနေတဲ့သဘောသက်ရောက်နေပါတယ်။ ဒါကြောင့်လည်း ဝရမ်းပြေး ကျော်မိုးထွန်းလို ပုဂ္ဂိုလ်က တရားဝင်ရပ်တည်ခွင့်မရှိတဲ့ ကုလသမဂ္ဂမျက်နှာစာမှာ အကြမ်းဖက်အဖွဲ့ NUGကို ကိုယ်စားပြုပြီး NUGအဖွဲ့ကို နိုင်ငံတကာက အသိအမှတ်ပြုလာအောင် ဝါဒဖြန့်လော်ဘီလုပ်နေတာကိုလည်း မြင်တွေ့ကြားသိနေရပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းဟာ NLD အစိုးရလက်ထက်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်ခဲ့ပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းစည်းကမ်းတွေကို ဖောက်ဖျက်ပြီး နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ခဲ့တဲ့အတွက် တရားစွဲဆိုခံထားရပြီး နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ထားခြင်းခံရသူ ဖြစ်ပါတယ်။ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ကိုယ်စားပြုမှုအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ လုပ်ထုံးလုပ်နည်း အမှတ်စဉ် ၂၉ အရ ကိုယ်စားပြုမှုနေရာ အငြင်းပွားမှုရှိတဲ့အတွက် ဝရမ်းပြေး ကျော်မိုးထွန်းကို မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တရားဝင်ဆက်လက်ခန့်အပ်ထားခြင်းမပြုသလို မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ပြောရေးဆိုခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း သိရှိရပါတယ်။ ဒါပေမယ့်လည်း ကုလသမဂ္ဂရဲ့ Credentials Committee က သူ့ရဲ့နေရာကို အစားထိုးခန့်အပ်ခြင်းမပြုသေးတဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူပြီး ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးဖိပြီး နိုင်ငံတော်အစိုးရက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများနှင့်အညီ အရေးယူမှုများကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြပြီး ဆန့်ကျင်ပြောဆိုနေမှုများဟာ သံတမန်ရေးရာ ကိုယ်စားလှယ်တစ်ဦး လုံးဝမဟုတ်တော့ဘဲ အကြမ်းဖက်အားပေး ဝါဒဖြန့်ချိရေးသမားသက်သက် ဖြစ်နေတယ်ဆိုတာ ရှင်းလင်းစွာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။** ဒီလို အကြမ်းဖက်အားပေးပြီး အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ ရာဇဝတ်သားတစ်ဦးရဲ့ လုပ်ရပ်တွေကို ကုလသမဂ္ဂရဲ့ Credentials Committee အနေနဲ့သိရှိပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်နေရာမှာ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူက ကုလသမဂ္ဂ သံတမန်တစ်ဦးအဖြစ်ရှိနေတာ မဖြစ်သင့်ဘူးလို့ ထင်မြင်ယူဆမိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ်နေရာအတွက် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အဆိုပြုခန့်အပ်ထားတဲ့ ကိုယ်စားလှယ်ကို အသိအမှတ်ပြုခန့်အပ်ပေးဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ တောင်းဆိုလိုပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့အနေနဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ ဝရမ်းပြေး ကျော်မိုးထွန်းတို့ကို ထိတွေ့ဆက်ဆံနေခြင်းဟာ အကြမ်းဖက်အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ သဘောသက်ရောက်နေတာကို သတိပြုမိပြီး NUG၊ PDF အကြမ်းဖက်အဖွဲ့များ တရားဝင်အသိအမှတ်ပြုမှုရရှိရေး ကြိုးပမ်းလုပ်ဆောင်မှုများကို ရပ်တန့်စေရန် ဘက်ပေါင်းစုံက လုပ်ဆောင်ပေးဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**အမှန်စင်စစ် အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒနဲ့ တောင်းဆိုလိုတဲ့ လိုလားချက်ကတော့ NUG၊ PDF အကြမ်းဖက်သမားများရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုတွေ ပျောက်ကွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်နေတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စေရေးနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေးဖြစ်ပါတယ်။**

ဒါကြောင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ မြန်မာနိုင်ငံသားများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ လတ်တလောဖြစ်ပေါ်နေတဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဒီလိုအကြမ်းဖက်မှုတွေကို ဘယ်သူတွေက ဘာကြောင့်လုပ်နေလဲဆိုတာ သိစေ၊ ကြားစေဖို့အတွက် ခိုင်မာတဲ့အထောက်အထားများနဲ့ သက်သေညွှန်းဆို တင်ပြလိုက်ရပါတယ်။ ။

❍ **အမှန်စင်စစ် အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒနဲ့ တောင်းဆိုလိုတဲ့ လိုလားချက်ကတော့ NUG ၊ PDF အကြမ်းဖက်သမားများရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေ ပျောက်ကွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်နေတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်စေရေးနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေးဖြစ်**

❍ **တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ မြန်မာနိုင်ငံသားများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ လတ်တလောဖြစ်ပေါ်နေတဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဒီလိုအကြမ်းဖက်မှုတွေကို ဘယ်သူတွေက ဘာကြောင့်လုပ်နေလဲဆိုတာ သိစေ၊ ကြားစေဖို့အတွက် ခိုင်မာတဲ့အထောက်အထားများနဲ့ သက်သေညွှန်းဆိုတင်ပြ**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်၊ ပျက်စီးခဲ့သည့်သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် စိုက်ပျိုးရေးသွင်းအားစုများအသုံးပြုနိုင်ရန် ထောက်ပံ့ငွေလှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၄**

ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်၊ ပျက်စီးခဲ့သည့် သီးနှံများပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် မျိုးစေ့၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထောက်ပံ့ငွေများအား တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ထံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်) တို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌတို့က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက အရင်းမပျောက်မတည်ငွေကျပ်သိန်း ၁၂၅၀၀၊ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ နှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ မှ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် စပါးစိုက်ဧရိယာ ၇၇၇၃ ဧကအတွက် မျိုးစေ့တစ်တင်း၊ ရွက်ဖျန်းမြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၆၄၃၂၅ ကျပ်နှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အရင်းမပျောက်မတည်ငွေ ကျပ်သိန်းပေါင်း ၁၂၅၀၀ ကို မိုးစပါးသီးနှံထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် တစ်ဧ ကျပ်တစ်သိန်းနှုန်းဖြင့် အတိုးမဲ့ချေးပေးရန် လျာထားပါကြောင်း၊ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိသောဧရိယာများတွင် တောင်သူများတွက်ခြေကိုက်သော အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ပြီး မတ်ပဲ ၂၆၇၂ ဧကနှင့် ပဲတီစိမ်း ၁၃၀၄ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့တစ်တင်းနှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ပေးသောအလှူရှင်အသင်းချုပ်များ၊ ကုမ္ပဏီအစုအဖွဲ့များအား ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ အဆင့်အတန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဖလားအားကစားပြိုင်ပွဲများ ကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ အားကစားနည်းများအလိုက် ကျင်းပခဲ့ပြီး ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဖလား ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီး ဖလား အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ၊ ဌာနအကြီးအကဲများ၊ အရာထမ်း/ အမှုထမ်းများ၊ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ အုပ်ချုပ်သူ နည်းပြများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ကိုယ်စားပြုအသင်းနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကိုယ်စားပြုအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ကိုယ်စားပြုအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမဆုကို ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ အားကစားအသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(**အပေါ်ပုံ**)



သတင်းစဉ်

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲ သဲကုန်းမြို့၌ ကျင်းပ

**သဲကုန်း အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အမှတ်စဉ် (၁/၂၀၂၄- ၂၀၂၅) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က သဲကုန်းမြို့ အမှတ် (၉၄) စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြတ်စိုးအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ သင်တန်း၏ အကျိုးကျေးဇူးများ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းကာလ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူရာ တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့ နံနက်ပိုင်းက သတ်မှတ်ထားသော ကောက်ကွက်များတွင် စာရင်းများ ကောက်ယူဆောင်ရွက်လျက်ရှိသည်။



အဆိုပါ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးအောင်လောဟာနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစံသိန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ပျဉ်းမနားဓမ္မာစရိယစာသင်တိုက်က အလှူငွေများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ပျဉ်းမနားဓမ္မာစရိယ စာသင်တိုက်က ငွေကျပ်သိန်း ၁၀၀ နှင့် သင်္ကန်းအစုံ ၁၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၄**

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လက စတင်ခဲ့ပြီး အတိုးနှုန်းသက်သာစွာဖြင့် နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် လေးခုမှ တောင်သူများအား ချေးငွေကျပ် ၂၄၄၆ ဒသမ ၂၀ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းစတင်သည်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုနှင့် မြို့နယ် ၁၈၇ ခုတို့မှ တောင်သူ ၅၇၉၀ တို့ကို ချေးငွေကျပ် ၂၄၄၄၁၃ ဒသမ ၀၇၂ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွန်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ (၃၁) ကြိမ်မြောက် အစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များ စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရေးနှင့် ချေးငွေပမာဏ တိုးမြှင့်ထုတ်ချေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေအစီအစဉ် ကောင်းမွန်စွာလည်ပတ်နိုင်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ် ပြုလုပ်ပြီး ချေးငွေကြွေးကျန် ကျဆင်းရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်ရန်၊ စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်သွားရန်၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာပါဝင်ရောင်းချသည့် ကုမ္ပဏီများ အနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြကာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်နှင့် အမှတ် (၃)ရပ်ကွက်များတွင် အောက်တိုဘာ ၄ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်များဖြင့် ကောက်ယူလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ ရပ်ကွက်(၆) ရပ်ကွက်၊ ကျေးရွာအုပ်စု(၇) အုပ်စု ကောက်ကွက်ပေါင်း ၁၁ ကွက်ရှိပြီး အောက်တိုဘာ ၄ ရက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက ၄ ရက်မြောက် ကွင်းဆင်းကောက်ယူစဉ်။

ဇော်နိုင်လင်း


မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်များက အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူလျက်ရှိရာ သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးစိုးလွင် နှင့် တာဝန်ရှိသူများ စက်တင်ဘာ ၄ ရက်က နတ်ရေကန်ကျေးရွာနှင့် ဖျောက်ဆိပ်ကုန်းရွာတို့ကို စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေးစဉ်။

ဇော်ဘီ



မကွေးခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

အောင်ကို (ဖန်ခါးမြေ)



# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁) ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် သတင်းရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၁)တွင် အမျိုးသားစာပေတစ်သက်တာဆုရှင်များဖြစ်ကြသော ဆရာကြီး တက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သူရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ မြင်းမူမောင်နိုင်မိုးတို့နှင့်အတူ အမျိုးသားစာပေဆုနှင့် နိုင်ငံတော်အဆင့်စာပေဆု ရရှိခဲ့ကြသူများဖြစ်ကြသော မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်စိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွန့် (တက္ကသိုလ်)၊ ဆွေဇင်ညွန့်တို့က သင်ကြားပို့ချကြမည်။ သင်တန်းကာလကို နိုဝင်ဘာ (၄) ရက်မှ (၂၈) ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ မွန်းလွဲ (၁)နာရီမှ ညနေ (၄)နာရီအထိ သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ်ငါးသောင်းပေးသွင်းရမည်။ အသက်(၁၆)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးအမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉၄၅၀၀၉၀၄၈၆ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာ (၂၈) ရက် နောက်ဆုံးထားပြီး ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရာသီဥတုပြောင်းလဲမှုကို ကျော်လွှားရေး စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်ဖော်ဆောင်ပေး

*မောင်စော(မွေးမြူဆေးကု)၊ မွေးသု*

### ရာသီဥတုပြောင်းလဲခြင်းကြောင့် အပင်နှင့် တိရစ္ဆာန်များအပေါ် အကျိုးသက်ရောက်မှု

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းတို့ကြောင့် အပင်များပျက်စီးပြီး အထွက်နှုန်းအပေါ် များစွာထိခိုက်စေနိုင်ကြောင်း သုတေသီများက ဆိုပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်းနှင့် ပင်လယ်ရေမြင့်တက်လာခြင်းတို့ဖြစ်စေပြီး နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် အပင်နှင့်သီးနှံထွက်နှုန်းတို့ကို တိုက်ရိုက်ထိခိုက်နိုင်ပါသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် အပင်ကြီးထွားနှုန်းကောင်း စေနိုင်သော်လည်း ညအပူချိန်မြင့်တက်လာခြင်းကြောင့် အပင်ကို ထိခိုက်စေနိုင်ပါသည်။

ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ညအပူချိန် ၁°C တိုးလာတိုင်း စပါးအထွက်နှုန်း ၁၀ ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း သိရှိရပါသည်။ ထို့အတူ ပြောင်းကဲ့သို့သော ကောက်ပဲသီးနှံများတွင် အပူချိန် မြင့်မားတိုးတက်လာခြင်းကြောင့် မျိုးပွားမှု ကျဆင်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး အပူချိန် ၃၀°C အထက် ဆက်တိုက်ရောက်ရှိနေပါက ၁ ဒသမ ၇ ရာခိုင်နှုန်းအထိ ထွက်နှုန်းလျော့နည်းစေနိုင်သည်။

မွေးမြူရေးလုပ်ငန်းတွင်လည်း အပူချိန်မြင့်တက်လာခြင်းကြောင့် တိရစ္ဆာန်များကို စိတ်ဖိစီးမှု (stress) ဖြစ်စေပြီး ကြီးထွားနှုန်းကျဆင်းခြင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ တိရစ္ဆာန်တို့၏ အမူအကျင့် ပြောင်းလဲလာခြင်း၊ မွေးမြူရေးလုပ်ငန်းမှ အနံ့ဆိုးများထွက်ပေါ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်စေခြင်း စသည့် ဆိုးကျိုးများကို ဖြစ်စေပါသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနှင့်အတူ ရေရှားပါးလာခြင်း၊ စားကျက်ရှားပါးလာခြင်း၊ တိရစ္ဆာန်တို့၏ အစာစားနှုန်း လျော့ကျစေပြီး အာဟာရချို့တဲ့လာခြင်းနှင့် ရောဂါကျရောက်လွယ်ခြင်းစသည့် အကျိုးဆက်များကိုလည်း ဖြစ်စေနိုင်ပါသည်။ ကမ္ဘာ့အပူချိန် ၁°C တိုးလာတိုင်း ကမ္ဘာ့နွားနို့ထွက်နှုန်း ၁၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်ကြောင်း ပညာရှင်များက သုံးသပ်ဖော်ပြထားပါသည်။

တိရစ္ဆာန်ရောဂါကျရောက်မှုများ၊ အစားအစာဘေးကင်းလုံခြုံမှုစီမံခန့်ခွဲရေးနှင့် ဈေးကွက်နည်းဗျူဟာများသည် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရာတွင် မွေးမြူရေးသမားများအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏အဆိုအရ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ထွက်နှုန်းသာမက အစားအစာအရည်အသွေးကိုပါ ထိခိုက်နိုင်သဖြင့် ကမ္ဘာ့စားရေရိက္ခာဖူလုံရေးကို ဆိုးကျိုးများ သက်ရောက်နိုင်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သော ထုတ်လုပ်မှုစနစ် ဖြစ်ပေါ်လာရေးအတွက် နည်းဗျူဟာများကို အလေးထားစဉ်းစားဆောင်ရွက်ရန် လိုအပ်ပါသည်။

### ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေး

ယနေ့ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ပျက်စီးလာခြင်းနှင့် အပူချိန်မြင့်တက်လာခြင်းတို့ကြောင့် အနာဂတ်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနည်းစနစ်များ (Climate Smart Agriculture) မဖြစ်မနေ လိုအပ်လာပြီဖြစ်သဖြင့် ပညာရှင်များတစိုက်မတ်မတ် စူးစမ်းရှာဖွေဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးစနစ်ဖြစ်စေရန် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု လျော့ချရေး၊ သီးနှံထွက်နှုန်း ရေရှည်ထိန်းသိမ်းရေး၊ မြေဆီလွှာ မပျက်စီးအောင်ထိန်းသိမ်းရေး၊ အပင်နှင့် မွေးမြူရေးတိရစ္ဆာန်များ ရောဂါဒဏ်ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး၊ ဖန်လုံအိမ်ဓာတ်ငွေ့လျော့ချရေး စသည့် အချက်များကို ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းထားကြသည့်အပြင် ရေရှည်တွင် ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်တို့ကို ပေါင်းစည်းစိုက်ပျိုးမွေးမြူရေးစနစ်သည် ပြောင်းလဲလာသည့် ရာသီဥတု၏ဆိုးကျိုးများကို လျှော့ချစေနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း ပညာရှင်များက ဆန်းစစ်သုံးသပ်လာကြသည်ကိုလည်း တွေ့ရှိရပါသည်။

### အပင်နှင့်တိရစ္ဆာန် စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်

အပင်နှင့်တိရစ္ဆာန် စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်၌ ခြံတစ်ခုတည်းမှာ အပင်နှင့် တိရစ္ဆာန်တို့အတွက် အာဟာရ၊ ရေနှင့်စွမ်းအင်တို့ကို လည်ပတ်သုံးစွဲရန် အခွင့်အလမ်းများရရှိနိုင်သည့်စနစ် ဖြစ်ပါသည်။ ထုတ်လုပ်မှုအတွက် သွင်းအားစု (ဥပမာ-ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ စွမ်းအင်စသည်) ချွေတာနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကို လျှော့ချခြင်းအားဖြင့် အကျိုးအမြတ်ကို ပိုမိုရရှိ စေနိုင်ပါသည်။

အဆိုပါစိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်တွင် လုပ်ငန်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းတစ်ခုခု မတော်တဆပျက်စီးဆုံးရှုံးသွားပါက နောက်တစ်ခုက ပြန်လည်ကုစားပေးနိုင်သဖြင့် ထုတ်လုပ်မှု ကျဆင်းမသွားရေးကို ထိန်းသိမ်းထားရန် အခွင့်အလမ်းများ ပိုမိုရရှိစေသည်။ အပင်နှင့်တိရစ္ဆာန် စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ် အမျိုးမျိုးရှိသည့်အနက် မိမိတို့ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီပြီး တွက်ခြေကိုက်မည့်စနစ်ကို ရွေးချယ်လုပ်ကိုင်နိုင်ပါသည်။

> **"မွေးမြူရေးလုပ်ငန်းတွင်လည်း အပူချိန်မြင့်တက်လာခြင်းကြောင့် တိရစ္ဆာန်များကို စိတ်ဖိစီးမှု (stress) ဖြစ်စေပြီး ကြီးထွားနှုန်းကျဆင်းခြင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ တိရစ္ဆာန်တို့၏ အမူအကျင့် ပြောင်းလဲလာခြင်း၊ မွေးမြူရေးလုပ်ငန်းမှ အနံ့ဆိုးများထွက်ပေါ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်စေခြင်း စသည့် ဆိုးကျိုးများကို ဖြစ်စေပါသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနှင့်အတူ ရေရှားပါးလာခြင်း၊ စားကျက်ရှားပါးလာခြင်း၊ တိရစ္ဆာန်တို့၏ အစာစားနှုန်းလျော့ကျစေပြီး အာဟာရချို့တဲ့လာခြင်းနှင့် ရောဂါကျရောက်လွယ်ခြင်း စသည့် အကျိုးဆက်များကိုလည်း ဖြစ်စေနိုင်"**

### ရာသီဥတုနှင့်လိုက်လျောညီထွေသော အပင်နှင့်တိရစ္ဆာန် စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်

အပူပိုင်းဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်တို့ကို စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်များ (Crop-livestock Integrated Farming System)သည် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူသူများ၏ မိသားစုဝင်ငွေ ရရှိစေသည့် ပင်မလုပ်ငန်းဖြစ်ပါသည်။ သုတေသီများ၏တွက်ချက်မှုအရ ကမ္ဘာ့နို့နှင့် အမဲသားထွက်ကုန်များ၏ ၈၀ ရာခိုင်နှုန်းသည် ထိုသို့ရောနှော စိုက်ပျိုးမွေးမြူသည့်စနစ်မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်သည် ကမ္ဘာအရပ်ရပ်ရှိ ရာသီဥတုနှင့်မြေဆီလွှာအမျိုးအစား မတူကွဲပြားကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် တွေ့ရှိရပါသည်။ ထိုစနစ်များသည် တစ်နိုင်တစ်ပိုင်တောင်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် အစားအစာဖူလုံရေးအတွက် အလွန်အရေးပါပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက်လည်း အဓိကကျသည့် လုပ်ငန်းဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်တွင် မတူညီသောသီးနှံများကို တစ်လှည့်စီစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကျန်းမာရေးအပေါ် အပြုသဘောသက်ရောက်မှုရှိရုံမက ပေါင်းပင်နှင့် ပိုးမွှားများကျရောက်မှုကိုလည်း လျော့နည်းစေနိုင်ပါသည်။ အထူးသဖြင့် ပဲမျိုးနွယ်ဝင်အပင်များကို အလှည့်ကျစိုက်ပျိုးပေးခြင်းဖြင့် မြေတွင်းနိုက်ထရိုဂျင်ဓာတ်ကို ပြန်လည်ပြုပြင်ပေးနိုင်ပြီး မြေဩဇာလိုအပ်မှုကိုလည်း လျော့နည်းစေပါသည်။ ထို့အပြင် အပင်ဘေးထွက်ပစ္စည်းများကိုလည်း ပရိုတင်းဓာတ်မြင့်မားသည့် မွေးမြူရေးအစာအဖြစ် ပြန်လည်အသုံးပြုနိုင်ပါသည်။


### နိုင်ငံများအလိုက် စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ် သုတေသနတွေ့ရှိချက်များ

**ဘရာဇီးနိုင်ငံ**၌ ပဲပုပ်၊ ပြောင်းစသည့် သီးနှံများနှင့် နွားမွေးမြူရေး၊ ယူကလစ်ပင် စိုက်ပျိုးရေးကို ပေါင်းစည်းစိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ကြသည့် လုပ်ငန်းများအပေါ် လေ့လာချက်အရ မြေယာကို အကျိုးရှိစွာအသုံးချနိုင်ပြီး ထုတ်လုပ်မှု ပိုမိုတိုးတက်ရုံမက

*စာမျက်နှာ ၁၁ သို့*




ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်သော သီးနှံ၊ သစ်တောနှင့် တိရစ္ဆာန်စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်။




ရာသီဥတုပြောင်းလဲမှုကို သီးနှံနှင့်တိရစ္ဆာန် ပေါင်းစည်းစိုက်ပျိုးမွေးမြူရေးစနစ်ဖြင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပုံ။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**
**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

## လယ်ဝေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုများအတွက် ထောက်ပံ့ပေးအပ်

**လယ်ဝေး အောက်တိုဘာ ၄**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည့် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ကမ်းပါးပြိုခြင်းကြောင့် လူနေအိမ်ဖျက်သိမ်း ပြောင်းရွှေ့ခြင်းနှင့် မိုးကြိုးပစ်ခြင်းကြောင့် လူသေဆုံးခြင်းတို့အတွက် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။



ရှေးဦးစွာ နေပြည်တော် ကောင်စီဝင်က ကမ်းပါးပြို၍ နေအိမ် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများနှင့် မိုးကြိုးပစ်သေဆုံးသူ၏ မိသားစုများအား အားပေးစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က မြို့နယ်အတွင်း သဘာဝဘေး ဖြစ်ပွားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပေတုန်းမြောင် ကျေးရွာတွင် စက်တင်ဘာ ၁၉ ရက်က မိုးကြိုးပစ် သေဆုံးသူ၏ မိသားစုအား နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် သုံးသိန်း၊ စက်တင်ဘာ ၂၀ ရက်က ရေကြီးမှုကြောင့် ကမ်းပါးပြို၍ လူနေအိမ်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည့် ကံသာအုပ်စု၊ သဲဖြူကျေးရွာမှ အိမ်တစ်လုံး၊ ညိုပင်ကျေးရွာမှ အိမ်နှစ်လုံး၊ သုံးတန်ကူးကျေးရွာမှ အိမ်တစ်လုံး၊ ဟေမာန်ကျေးရွာမှ အိမ်တစ်လုံး၊ သစ်ပုတ်ပင် ကျေးရွာမှ အိမ်နှစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၇၇၁၄၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀၇၁၄၀၀ တို့အား နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝေကြည်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

စားကျက်ရှားပါးမှုနှင့် သစ်တောပြုန်းတီးခြင်းကို ရှောင်ရှားနိုင်ကြောင်း၊ ပဲမျိုးနွယ်သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်းဖြင့် သီးနှံသီးသန့် စိုက်ပျိုးသူများထက် အမြတ်ငွေ လေးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပိုမိုရရှိနိုင်ကြောင်း သုတေသီများက တွေ့ရှိထားပါသည်။

**ဩစတြေးလျနိုင်ငံရှိ** စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလုပ်ငန်းများကို လေ့လာမှုများအရ မိုးနည်းသည့်ဒေသများတွင် သီးနှံစိုက်ပျိုးခြင်းကို တိရစ္ဆာန်လွှတ်ကျောင်းနှုန်းမှန်ကန်စွာ ပေါင်းစည်း စိုက်ပျိုးမွေးမြူခြင်းဖြင့် ရေရှည်တွင် အမြတ်အစွန်း ပိုမိုရရှိစေခြင်း၊ မြေဆီလွှာ ကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျော့ကျစေခြင်း၊ မြေဆီလွှာဩဂဲနစ်ကာဗွန်ဓာတ်ကို တိုးလာစေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်သည့် ထိခိုက်မှုများကို သက်သာစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေကြောင်း၊ စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်တွင် ကောက်ပဲသီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်လွှတ်ကျောင်းခြင်းသည် ဟန်ချက်ညီမှုရှိရန် လိုအပ်ကြောင်းနှင့် တိရစ္ဆာန်လွှတ်ကျောင်းနှုန်း (Stocking rate)ကို ထိရောက်စွာ အလိုက်သင့်ပြုပြင်ပြောင်းလဲခြင်းဖြင့် ပျမ်းမျှအမြတ် အစွန်း ၈၀ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း သုတေသီများက တွေ့ရှိထားပါသည်။

**အာဖရိကနိုင်ငံများ၌** လေ့လာချက်များအရ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးမွေးမြူရေးစနစ်ကို အကောင်အထည်ဖော်ရန် တောင်သူများ၏ ဗဟုသုတကြွယ်ဝမှုနှင့် ပညာအရည်အချင်းအပေါ် များစွာမှီတည်နေကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုပြဿနာနှင့် ၎င်းကို ကျော်လွှားမည့်နည်းလမ်းများ၊ လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးမွေးမြူရေးစနစ်များကို တောင်သူများအား ထိရောက်စွာပညာပေးရန် လိုအပ်နေသေးကြောင်း ပညာရှင်များက ဖော်ပြထားပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည့်** တောင်အာရှနိုင်ငံအချို့တွင်လည်း ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေး ပေါင်းစည်းစနစ်များဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကျော်လွှားနိုင်သည့် နည်းစနစ်များအကြောင်း တောင်သူများအကြား အသိပညာဗဟုသုတကွာဟချက်များ ရှိနေသေးကြောင်း ထောက်ပြထားပါသည်။

### စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်များ၏ အကျိုးကျေးဇူးများ

ပညာရှင်များ၏ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ ဦးရေအထိ ရှိလာမည်ဖြစ်ရာ တိုးပွားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို ပိုမိုအလေးပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာ့နိုင်ငံအများစုအတွက် အလွန်အရေးပါနေဆဲဖြစ်ပါသည်။ တစ်ဖက်ကလည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် သဘာဝတရား၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နည်းလမ်းများကို ဆက်လက် ရှာဖွေနေရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးမဟာဗျူဟာ (Myanmar Climate–Smart Agriculture Strategy)၏ ရေတိုလုပ်ငန်းစဉ် (၁၁) ရပ်တွင်လည်း **"ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် အပင်နှင့်တိရစ္ဆာန်စိုက်ပျိုး မွေးမြူရေးစနစ်ဖြစ်ပေါ်လာရေးအတွက် တွန်းအားပေး ဆောင်ရွက်ရန်"** ဟူသည့်အချက်ပါရှိပါသည်။ ထို့ကြောင့် နောင်ဖြစ်ပေါ်လာမည့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်များကို စီမံဆောင်ရွက်ရာတွင် ဇယားပါ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)မှ အကြံပြုထားသည့် ပေါင်းစည်းစနစ်အမျိုးမျိုးတို့၏ ရရှိနိုင်သည့် အကျိုးကျေးဇူးအသီးသီးကို ထည့်သွင်းစဉ်းစားနိုင်ပါကြောင်း မျှဝေရေးသားတင်ပြလိုက်ရပါသည်။


**ကျမ်းကိုးစာရင်း**

၁။ FAO, 2017. Climate Smart Agriculture Sourcebook.
၂။ Ghahramani and Bowran, 2018. Agricultural Systems 164, 236–251.
၃။ Lobell, 2014. Global Food Security 3, 72–76.
၄။ Myanmar Climate–Smart Agriculture Strategy, 2015. Ministry of Agriculture and Irrigation (MOAI), Myanmar.
၅။ Reckling et al., 2016. European Journal of Agronomy 76, 186–197
၆။ Welch et al., 2010. Proceedings of the National Academy of Sciences (PNAS) 107, 14562–14567.


**စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်များနှင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ (FAO, 2017)**

| ပေါင်းစည်းစနစ် | ထုတ်လုပ်မှု အထူးပြုစနစ် | ရာသီဥတုပြောင်းလဲမှုဒဏ် သက်သာစေမည့် ပူးတွဲအကျိုးကျေးဇူး |
|---|---|---|
| စိုက်ပျိုးမွေးမြူရေး–သစ်တော | သီးနှံ ထုတ်လုပ်မှု | • မြေဆီလွှာ ဩဂဲနစ်ကာဗွန် အစုလိုက်အပြုံလိုက် မြင့်မားစေခြင်း။<br>• မြေဆီလွှာကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်း။<br>• မြေမျက်နှာပြင်အပေါ်လွှာ များပြားလာခြင်းမှတစ်ဆင့် ရေဝင်ရောက်မှုနှုန်းနှင့် ထိန်းသိမ်းနိုင်စွမ်းကို တိုးတက်စေခြင်း။ |
| | မွေးမြူ ထုတ်လုပ်မှု | • ပေါင်းစည်းခြံတွင် သဘာဝသစ်ပင်များနှင့် ချုံများထားရှိခြင်းဖြင့် တိရစ္ဆာန်အစာများကို ပိုမိုကြာရှည်စွာရရှိနိုင်ခြင်း။<br>• တိရစ္ဆာန်များကို သက်သောင့်သက်သာရှိစေပြီး ၎င်းတို့၏ ကျန်းမာရေးနှင့်ညီညွတ်ကာ ထုတ်လုပ်မှုကိုလည်း တိုးတက်ကောင်းမွန်စေခြင်း။ |
| ကောက်ပဲသီးနှံ–တိရစ္ဆာန်မွေးမြူရေး | ကောက်ပဲသီးနှံ ထုတ်လုပ်မှု | • တိရစ္ဆာန်အညစ်အကြေးကို ပြန်လည်အသုံးချခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ရှောင်ရှားနိုင်ခြင်း။<br>• ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ခြင်းဖြင့် ကုန်ကျစရိတ် သက်သာခြင်း။ |
| | မွေးမြူ ထုတ်လုပ်မှု | • တိရစ္ဆာန်များအတွက် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းမှ အရည်အသွေးမြင့် အစားအစာများရရှိစေပြီး မီသိန်းထုတ်လွှတ်မှုကို လျော့ကျစေခြင်း။<br>• ကောက်ပဲသီးနှံစိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစာပင် တစ်လှည့်စီစိုက်ပျိုးပြီး လွှတ်ကျောင်းပေးခြင်းဖြင့် မြေဆီလွှာကို ပြန်လည်ပြုပြင်နိုင်ခြင်း။ |
| စပါး–ငါး | ငါးမွေးမြူထုတ်လုပ်မှု ကောက်ပဲသီးနှံ ထုတ်လုပ်မှု | • ငါးအတွက် အစာလိုအပ်ချက်ကို လျှော့ချနိုင်ခြင်း။<br>• ရေကို ပိုမိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခြင်း။<br>• ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုကို လျော့နည်းစေခြင်း။ |
| အစားအစာ–စွမ်းအင် | အစားအစာ ထုတ်လုပ်မှု | • တိရစ္ဆာန်အညစ်အကြေးကို ပြန်လည်အသုံးချခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ရှောင်ရှားနိုင်ခြင်း။<br>• ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲမှုကို ရှောင်ရှားနိုင်ခြင်း။<br>• တိရစ္ဆာန်အညစ်အကြေးကို အသုံးပြုခြင်းဖြင့် မြေဆီလွှာကာဗွန်မြောက်မြားစွာ စုစည်းစေခြင်း။<br>• ကောက်ပဲသီးနှံအကြွင်းအကျန်များနှင့် ဘေးထွက်ပစ္စည်းများကို ပြန်လည်အသုံးချမှု တိုးမြှင့်ပေးနိုင်ပြီး မလိုလားအပ်သည့် ထုတ်လွှတ်မှုများကို ရှောင်ရှားနိုင်ခြင်း။ |
| | စွမ်းအင် ထုတ်လုပ်မှု | • ရုပ်ကြွင်းလောင်စာအစား ဇီဝဓာတ်ငွေ့ဖြင့် အစားထိုးသုံးစွဲစေခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့ကျစေခြင်း။<br>• ဇီဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ပါက လောင်စာထင်း အသုံးပြုခြင်းကို လျှော့ချနိုင်ပြီး သစ်တောပြုန်းတီးမှုနှင့် သစ်တောယိုယွင်းမှု အန္တရာယ်ကို လျော့ကျစေခြင်း။ |




# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးမှ ရေဘေးသင့်ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား အလှူငွေများ ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးမှ ရေဘေးသင့်ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ဝန်ထမ်းများ၏ ထိခိုက်ဆုံးရှုံးမှုများကို တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေးလိုသည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ စာရင်းစစ်ချုပ်ရုံးဝန်ထမ်းဟောင်းများအသင်းနှင့် စီးပွားရေးတက္ကသိုလ်ကျောင်းသူကျောင်းသားဟောင်းများက စုပေါင်းလှူဒါန်းခဲ့ကြသည့် လှူဒါန်းငွေများကို ယနေ့တွင် ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းမိသားစုများ၏ ရေဘေးသင့်ခံရမှု၊ ဆုံးရှုံးခဲ့မှုအနည်းအများပေါ်မူတည်ပြီး ငွေကျပ် ၂၈၂ သိန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ လိုအပ်သည့်နေရာများတွင်လည်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများက ရေဘေးသင့်ဝန်ထမ်းများအား ဆုံးရှုံးမှုအလိုက် ထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက Online ဖြင့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပီတိစား၍ အားရှိသူများ

❂ အာစရိယဂုဏော၊ အနန္တောဟု
ဆိုသောစကား၊ ထင်အရှားတည့်
သမားဆရာ၊ သူတို့မှာလျှင်
ပညာလည်းသင်၊ ပွဲပြင်ဆုံးမ
ဘဝလှအောင်၊ ကြံဆောင်ကြိုးပမ်း
ပန်းသည်မထင်၊ မေတ္တာယှဉ်မို့
ကြည်ရွှင်လန်းဖြာ အစဉ်သာ...။
❂ သူပျိုးခဲ့ရာ၊ ပန်းမာလာတို့
ရောင်ဝါတင့်ဆန်း၊ မွှေးထုံမွမ်းလျက်
လန်းဆန်းဝင့်ထည်၊ ဂုဏ်တင့်ကြွယ်သော်
ရင်ဝယ်ရွှန်းအိ၊ ငွမ်းဆီထိသို့
ပီတိစားသည့် မြတ်ဆရာ...။
❂ ဝါသနာ၊ စေတနာ၊ အနစ်နာဟု
နာသုံးဖြာမျှ၊ ဘယ်မကအောင်
လောကလူ့ခွင်၊ နောင်အစဉ်ထိ
အံ့ဝင်ထွန်းပေါက်၊ အမြင့်ရောက်၍
တောက်ပလင်းစေ၊ ပြုခဲ့ပေသည့်
ရွှန်းဝေမေတ္တာ မြတ်ဆရာ...။
❂ လောကလူ့ရွာ၊ အရာရာဝယ်
ဆရာကင်းဘိ၊ ဘယ်မရှိမို့
တင်ရှိကျေးဇူး၊ အထူးထူးကို
ဆပ်ဖူးလှချင်၊ စာနဲ့ယှဉ်ဖြင့်
ဦးတင်ဆင်မြန်း ကန်တော့ပန်း...။
မေတ္တာရေချမ်း ဝေးကဖျန်း...။

(ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်)

**ဘိုမျိုး(ရွှေဘို)**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ရှမ်းပြည်နယ် ရေဘေးသင့်ဒေသများရှိ ပြည်သူ့ဆေးရုံများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့်ပြင်ပလူနာဌာန၊ ခွဲစိတ်ခွဲခန်း၊ လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ်ရှိ အေးသာယာတိုက်နယ် ဆေးရုံ ဆေးစတို၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ခွဲစိတ်ခွဲခန်း၊ လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့နယ်ရှိ ဟဲဟိုးတိုက်နယ်ဆေးရုံနှင့် အောင်ပန်းတိုက်နယ်ဆေးရုံများရှိ သွားရောဂါပညာဌာန၊ ခွဲစိတ်ခန်း၊ ခွဲတ်မှန်ခန်း၊ ခွဲတ်ခွဲခန်း၊ လူနာဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



**နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်**

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။ **မိုး/ဇလ**

# ဟစ်ဇ်ဘိုလာ ဆက်သွယ်ရေးဌာန ခေါင်းဆောင်ကို ရှင်းလင်းနိုင်ကြောင်း အစ္စရေးတပ်ဖွဲ့ ပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၄**

လက်ဘနွန်မြို့တော် ဘေရွတ်တွင် စက်တင်ဘာ ၃ ရက်ကပြုလုပ်သည့် တိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာ၏ ဆက်သွယ်ရေးကွန်ရက်အကြီးအကဲ မိုဟာမက်ရာရှစ် ဆာကာဖီသေဆုံးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က စက်တင်ဘာ ၄ ရက်တွင် ကြေညာသည်။

ဆာကာဖီက ၂၀၀၀ ပြည့်နှစ်ကတည်းက ဟစ်ဇ်ဘိုလာတို့၏ ဆက်သွယ်ရေးဌာနကို တာဝန်ယူခဲ့သူဖြစ်ပြီး ၎င်းတို့၏ ဌာနများအကြား ဆက်သွယ်ရေးစနစ်ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့က ဘေရွတ်ရှိ ဟစ်ဇ်ဘိုလာ၏ အခြေစိုက်စခန်းအဖြစ် အသုံးပြုသည့် အဆောက်အအုံနှင့် လက်နက်သိုလှောင်ရုံကို ပစ်မှတ်ထားတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်ပြီး ဟစ်ဇ်ဘိုလာက ယင်းနေရာသည် ကျန်းမာရေးဌာနတစ်ခုဖြစ်၍ သေဆုံးသူများတွင် ဆေးမှူးများနှင့် ကယ်ဆယ်ရေးသမားများ ပါဝင်သည်ဟု ဆိုသည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်း အစ္စရေးက လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ ၁၁၀ ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။ ဟစ်ဇ်ဘိုလာတို့ဘက်ကလည်း စက်တင်ဘာ ၃ ရက်က ဒုံးကျည် ၁၂၀ ကို ပစ်လွှတ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ထုတ်ပြန်သည်။

ယခုရက်သတ္တပတ်များအတွင်း တိုက်ပွဲများ တိုးလာခြင်းကြောင့် အမိုးအကာလိုအပ်နေသူများ နှစ်ဆတိုးလာကြောင်း အကူအညီပေးရေး လုပ်သားများက ပြောသည်။ ယခုအခါ နိုင်ငံတစ်ဝန်းတွင် အိုးအိမ်မဲ့ဒုက္ခသည် ၁ ဒသမ ၂ သန်းခန့် ရှိနေပြီး ပြီးခဲ့သောနှစ်အတွင်း တိုက်ပွဲများကြောင့် လူပေါင်း ၁၉၀၀ ကျော် သေဆုံးခဲ့ကြောင်း လက်ဘနွန်အာဏာပိုင်များက ပြောကြားသည်။

**ဆင်ဟွာ၊ အင်အိတ်ချ်ကေ**



ဘေရွတ်တောင်ပိုင်း၌ အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

# အလုပ်ရှင်များနှင့် အမေရိကန်ဆိပ်ကမ်းလုပ်သားများ သမဂ္ဂတို့ သဘောတူညီမှုရရှိပြီး သပိတ်အဆုံးသတ်

**နယူးယောက် အောက်တိုဘာ ၄**

အမေရိကန်ပြည်ထောင်စု အရှေ့နှင့် ပင်လယ်ကွေ့ကမ်းခြေ ဆိပ်ကမ်းများရှိ ဆိပ်ကမ်းလုပ်သားများကို ကိုယ်စားပြုသော အလုပ်သမားသမဂ္ဂသည် အလုပ်ရှင်များနှင့် လုပ်ခလစာပေးချေမှုတွင် သဘောတူညီမှု ရရှိခဲ့ပြီးနောက် အောက်တိုဘာ ၃ ရက်တွင် သပိတ်မှောက်မှုကို အဆုံးသတ်ခဲ့သည်။



လုပ်ခလစာပေးမှု အပါအဝင် စီမံခန့်ခွဲမှုဆိုင်ရာ အခြားသော ပြဿနာများအပေါ် သဘောတူညီမှု မရရှိခဲ့သည့်အတွက် သမဂ္ဂသည် အောက်တိုဘာ ၁ ရက်မှ စတင်ကာ သပိတ်မှောက်ခဲ့သည်။

စက်တင်ဘာ ၃၀ ရက်တွင် သက်တမ်းကုန်ခဲ့သည့် စာချုပ်ကို လာမည့်နှစ် ဇန်နဝါရီလမတိုင်မီအထိ သက်တမ်းတိုးမည်ဟု နှစ်ဖက်စလုံးက သဘောတူခဲ့ပြီး အခြားကျန်ရှိနေသည့် ကိစ္စရပ်များကို ညှိနှိုင်းရန် ညှိနှိုင်းရေးစားပွဲဝိုင်းသို့ ပြန်သွားမည်ဟု သိရသည်။ လာမည့် ခြောက်နှစ်တာ ကာလအတွင်း လုပ်ခလစာကို ၆၀ ရာခိုင်နှုန်းကျော်အထိ တိုးပေးသွားရန် နှစ်ဖက်စလုံးက သဘောတူခဲ့သည်ဟု အမေရိကန် မီဒီယာတွင် ဖော်ပြသည်။

ဆိပ်ကမ်းပေါင်း ၃၀ ကျော်ရှိ လုပ်သား ၄၅၀၀၀ ခန့်သည် သပိတ်မှောက်မှုတွင်ပါဝင်ခဲ့သည်။ အကယ်၍ သပိတ်မှောက်မှု ဆက်လက်ဖြစ်ပွားပါက ယခုနှစ် ကုန်ပိုင်း အားလပ်ရက်ကာလ မတိုင်မီ ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှုကဏ္ဍများတွင် ဆိုးရွားသည့် သက်ရောက်မှုဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**


# ပထမဆုံး မျောက်ကျောက်ရောဂါ အရေးပေါ်စမ်းသပ်ကိရိယာ အသုံးပြုခွင့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု

**ဂျီနီဗာ စက်တင်ဘာ ၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ ရှာဖွေစမ်းသပ်မှုအတွက် မှတ်တိုင်တစ်ခုအဖြစ် ပထမဆုံး ရောဂါရှာဖွေစမ်းသပ်ကိရိယာအသုံးပြုခွင့်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၄ ရက်က ပြောကြားသည်။

အာဖရိကတွင် ရောဂါရှာဖွေစမ်းသပ်မှုစွမ်းရည်ကို အကန့်အသတ်ဖြစ်စေပြီး ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ဆက်လက်ရုန်းကန်နေရချိန်တွင် အဆိုပါအတည်ပြုချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဘူရွန်ဒီနှင့် နိုင်ဂျီးရီးယားတို့တွင် ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားမှုပေါင်း ၃၀၀၀၀ ကျော် တွေ့ရှိခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ယခုနှစ်အတွင်း သံသယရှိသူ ၃၇ ရာခိုင်နှုန်းကိုသာ စမ်းသပ်နိုင်ခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအေဂျင်စီမှ သိရသည်။




Alinity m MPXV ဆန်းစစ်ချက်ဟု လူသိများသော လျင်မြန်ပြီး တိကျသည့်ရလဒ်ကို ရရှိနိုင်သော အဆိုပါစမ်းသပ်ကိရိယာသည် မျောက်ကျောက်ဖြစ်ပွားမှုနှင့် ကြုံတွေ့နေရသောနိုင်ငံများတွင် ရောဂါရှာဖွေနိုင်စွမ်းကို မြှင့်တင်ပေးမည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးဝါးနှင့် ကျန်းမာရေးထုတ်ကုန်များဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ယူကီကို နာကာတာနီက ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတ၏ အီရန်အပေါ် မှတ်ချက်ကြောင့် ရေနံစိမ်းဈေးနှုန်း ခုန်တက်

**နယူးယောက် အောက်တိုဘာ ၄**

အီရန်ရေနံစက်ရုံများအပေါ် အစ္စရေး၏တိုက်ခိုက်လာနိုင်မှုကို ပံ့ပိုးရန် ဆွေးနွေးမှုများပြုလုပ်နေသည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့ပြီးနောက် နယူးယောက်၌ WTI ရေနံစိမ်းဈေးနှုန်းမှာ အောက်တိုဘာ ၃ ရက်က မြင့်တက်လာသည်ဟု သိရသည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုဖြစ်ပေါ်လာနိုင်ခြေအတွက် စိုးရိမ်မှုများ မြင့်တက်နေသည်။

အစ္စရေးသည် အီရန်တို့၏ ပဲ့ထိန်းဒုံးကျည် ၁၈၀ ကျော်ဖြင့် တိုက်ခိုက်မှုခံရပြီးနောက် လက်တုံ့ပြန်ရန် အသင့်ရှိနေသည်။ အီရန်၏ ရေနံချက်စက်ရုံများကို အစ္စရေးကတိုက်ခိုက်ခြင်းအပေါ် ထောက်ခံမည်လားဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ကို မေးမြန်းရာ ယင်းအကြောင်းအရာကို ဆွေးနွေးနေသည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

နယူးယောက်ရှိ WTI ရေနံစိမ်းဈေးနှုန်းမှာ အောက်တိုဘာ ၃ ရက်က တစ်စည်လျှင် ၇၄ ဒေါ်လာအထိ မြင့်တက်ခဲ့ပြီး တစ်လအတွင်း အမြင့်ဆုံးပမာဏပင်ဖြစ်သည်ဟု သိရသည်။ ရေနံချက်စက်ရုံများ တိုက်ခိုက်ခံရမှုမှာ ဖြစ်နိုင်ခြေရှိသည်ဟု ရင်းနှီးမြှုပ်နှံသူများက သုံးသပ်ကြသည်။

ထိုစဉ် အမေရိကန်သည် ၎င်းတို့၏တုံ့ပြန်မှုနှင့်ပတ်သက်၍ အစ္စရေးနှင့် ဆွေးနွေးနေသည်ဟု ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူ ဆာဘရီနာဆင်းက ပြောသည်။ သို့သော်လည်း အစ္စရေးတို့က မည်ကဲ့သို့သော တိုက်ခိုက်မှုမျိုးကို ပြင်ဆင်နေသည်ဟူသော ခန့်မှန်းချက်ကိုမူ ဖြေကြားခဲ့ခြင်းမရှိချေ။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ ကရာချိ၌ ၂၀၂၄ ခုနှစ်အတွင်း ဓားပြမှုများကို ပြန်လည်ခုခံရင်းသေဆုံးသူ ၁၀၀ ကျော်ရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၄**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိ၌ ၂၀၂၄ ခုနှစ် ပထမကိုးလအတွင်း ဖြစ်ပွားခဲ့သည့် ဓားပြမှုများ၌ ပြန်လည်ခုခံရင်းသေဆုံးခဲ့သူ ၁၀၀ ကျော်ရှိသည်ဟု တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မြို့တွင်းမှ လုယက်ခြင်း သို့မဟုတ် ခိုးယူခံရသည့် စုစုပေါင်းမော်တော်ယာဉ် ၁၅၀၀ နှင့် ဆိုင်ကယ် ၃၅၀၀၀ ရှိသည်ဟု ရဲတပ်ဖွဲ့ဆက်ဆံရေးကော်မတီက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ဒေသခံများထံမှ ဖုန်းအလုံးရေ ၁၅၀၀၀ မှာလည်း လုယူခံရသည်ဟု အစီရင်ခံစာအရ သိရသည်။

လုယက်မှုကျူးလွန်သူများကို ပြန်လည်ခုခံသည့်အခါ လူသေဆုံးမှု အများအပြားဖြစ်ပေါ်ရသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်း ရာဇဝတ်အုပ်စု ၂၅ မှ ၃၀ အတွင်းသည် လမ်းပေါ်၌ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်အတွင်း မြို့တော်၌ ရာဇဝတ်မှုကျူးလွန်သည့် အုပ်စုမှာ ၅၀ မှ ၆၀ကြား ရှိလာသည်ဟု သိရသည်။

**ဆင်ဟွာ**

# ပိဋကတ်သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ မြန်မာ / ရိုမန် ၅၃ ကျမ်း၏ (In Design- AI + Offset Form) (softy copy) (Hard disk) ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျောက်ထက်အက္ခရာ ရေးထိုးထားသော ပိဋကတ်သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်း၏ (In Design– AI + Offset Form) (softy copy) (Hard disk) ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဗဟိုဆောင် ဘာဝနာမဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ လှူဒါန်းပွဲတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးနှင့် ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးကော်မတီဝင်တို့က ဗီယက်နမ်နိုင်ငံမှ ဆရာတော်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါရဂူဘွဲ့ သင်တန်းသား ဗီယက်နမ် ရဟန်းတော် ဘဒ္ဒန္တ ပညာဒီပ(Vo Van Nhut)နှင့် ဗီယက်နမ် ရဟန်းတော်များ၊ သီလရှင်များထံ ပိဋကတ်သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်း၏ (In Design– AI + Offset Form) (softy copy) (Hard disk)ကို ပေးအပ်လှူဒါန်းကြသည်။

ပိဋကတ်သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်းကို မြန်မာ/ရိုမန်အက္ခရာဖြင့် စိစစ်တည်းဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ပထမမြောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလာ နန္ဒာဘိဝံသနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သော ဗီယက်နမ်နိုင်ငံသား ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုသလဂုဏ၏ မေတ္တာရပ်ခံချက်အရ ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပ တိုးတက်ပြန့်ပွားစေရန်နှင့် ဗီယက်နမ်နိုင်ငံတွင် ပိဋကတ်သုံးပုံပါဠိတော် ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်းအား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ယခုကဲ့သို့ ပေးအပ်လှူဒါန်း ဓမ္မဒါနပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေကြီးရေလျှံ သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေကြီးရေလျှံ သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေကြီးရေလျှံ သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် တရုတ်သံရုံး တရုတ်ကုန်သည်ကြီးများအသင်း၊ 41 Chinese Enterprises in Myanmar၊ ကောင်းစုစံပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Sandisolar Renewable Energy Development International Co.,Ltd ၊ Sugo International Treading Co.,Ltd၊ Ningbo Deye Technology Co.,Ltd၊ ရန်ကုန်တိုင်းဒေသကြီး လေ့လှော်အားကစားဆပ်ကော်မတီ၊ ကမ္ဘာကျော်ထာဝရ ရန်ကုန် – ပဲခူး ခရီးသည်တင်ယာဉ်လိုင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း (YPSA)၊ တိုင်းဒေသကြီးပညာရေးမှူးရုံး အခြေခံပညာရေးမိသားစု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်၊ ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ဟားခါးပညာရေးဒီဂရီကောလိပ်တို့မှ ငွေကျပ် ၆၃၉၉၂၀၀၀ တန်ဖိုးရှိပစ္စည်းများနှင့် အလှူငွေကျပ် ၅၂၆၈၃၀၀၀၀၀ပစ္စည်းနှင့် ငွေတန်ဖိုးစုစုပေါင်း ငွေကျပ်၅၉၀၈၂၂၀၀၀ တိတိလှူဒါန်းခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




# ကရင်ပြည်နယ် ဘားအံခရိုင်၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်

**ဘားအံ အောက်တိုဘာ ၄**

ကရင်ပြည်နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ တက္ကသိုလ်/ ကောလိပ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘားအံခရိုင် လူထုအခြေပြု ဗဟိုဌာန၌ အောက်တိုဘာ ၃ ရက်က အခြေခံစာကြည့်တိုက်ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက် အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၂၂၁၉၀၀၀ ကို ပြည်နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်သည်။

ကရင် ပြည်နယ်အတွင်း ခိုင်မာရှင်သန် စာကြည့်တိုက်ပေါင်း ၃၃ တိုက်ရှိပြီး ယခုနှစ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မတည်ထောက်ပံ့ငွေဖြင့် စာကြည့်တိုက်အသစ် ခုနစ်တိုက်ကို တည်ဆောက် ဖွင့်လှစ်လျက်ရှိကာ ယခုသင်တန်းသို့ တက္ကသိုလ်/ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများမှ စာကြည့်တိုက် (တာဝန်ခံ)၊ စာကြည့်တိုက်မှူးများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်လျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်းများက အောက်တိုဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်ကြာ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အမရပူရမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးအမရပူရမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို တာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်တွင် ဆောက်ရွက်သည်။



အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက အမရပူရမြို့နယ် အိုးတော်ရပ်ကွက် သိမ်ကြီးရပ်ရှိ သိမ်ကြီးဈေး ဈေးအတွင်း မီးသုံးစွဲမှုအခြေအနေများ၊ ရေရရှိမှု အခြေအနေများ၊ မီးဘေးကြိုတင် ကာကွယ်ရေးပစ္စည်းထားရှိမှု အခြေအနေများ၊ မီးလောင်မှု ဖြစ်ပွားလာပါက ဝင်လမ်း၊ ထွက်လမ်း အခြေအနေများအား စစ်ဆေးဆောင်ရွက်ခဲ့သည်။

**စိုးသီဟ(အမရ)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်များ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှု ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၄**

နိုင်ငံတစ်ဝန်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိသည်။

ယနေ့ စတုတ္ထမြောက်နေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များရှိ နေအိမ်များတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအား စာရင်းစစ်၊ စာရင်းကောက် အဖွဲ့များဖြင့် ကောက်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော် ကောင်စီ နယ်မြေအတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင်လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင်အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ် လှူဒါန်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း / တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့ရှိ ပျက်စီးနေသည့်လမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအား သွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မိုင်းဆတ်မြို့နယ်အတွင်းရှိ ဝမ်ဟုန် - ဆီဟုတ် - မိုင်းယွန်း-ပိန်းခမ်းလမ်းနှင့် မိုင်းတုံမြို့နယ်အတွင်းရှိ မုံးထ-ဆန်ကန်-ခိုင်းလုံလမ်း၊ နားပါကော်-ဟိုပန်-ဟိုရွက်-ဝမ်ဟုန်လမ်းတို့တွင် တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးသွားခဲ့သည့် မိုင်းဆတ်မြို့နယ် အတွင်းရှိ ကျောက်ခင်းလမ်း အရှည် ၆၇ ကီလိုမီတာ၊ အကျယ် ၂၄ ပေရှိ ဝမ်ဟုန် - ဆီဟုတ် - မိုင်းယွန်း-ပိန်းခမ်းလမ်းကို ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ခရိုင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများကို ဖယ်ရှားရှင်းလင်းခြင်း တာဝန်ယူ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။



အလားတူ မိုင်းတုံမြို့နယ်အတွင်းရှိ မြေသားလမ်းအရှည် ၄၀ ကီလိုမီတာ၊ အကျယ် ပေ၂၀ရှိ မုံးထ-ဆန်ကန်-ခိုင်းလုံလမ်းနှင့် မြေသားလမ်းအရှည် ၅၆ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၁၅ ပေရှိ နားပါကော် - ဟိုပန် - ဟိုရွက်-ဝမ်ဟုန်လမ်းတို့ကို ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မိုင်းတုံ)မှ တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ပျက်စီးသွားခဲ့သည့် လမ်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို အောက်တိုဘာ ၃ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅) ဖြင့် ၂၄-၅-၂၀၁၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့မှစတင်၍ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

၂။ မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်တစ်ဦးဦးသည် စာပေနှင့် အနုပညာမူပိုင်ခွင့်အခွင့်အရေး သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိရန် မှတ်ပုံတင်လိုပါက သတ်မှတ်လျှောက်လွှာပုံစံများဖြင့် မှတ်ပုံတင်အရာရှိ၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးအမှတ်(၅၂)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၆၇-၄၃၀၅၉၄ (မူပိုင်ခွင့်ဦးစီးဌာန) သို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

❍ *ကျောဖုံးမှ*

သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၃၉ မိနစ်တွင် ပိုင်သက်ဖြိုး၊ ၅၅ မိနစ်တွင် ရှိုင်းကိုကိုဇော်၊ ၉၀+၃ မိနစ်တွင် မျိုးမြတ်ကျော်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅၊ ၉၀+၄ မိနစ်တွင် စိုင်းဇေယျာကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းမှ ရှိုင်းကိုကိုဇော်က ရရှိသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိသည်။ ရှစ်မိနစ်တွင် ဧရာဝတီအသင်းမှ သက်နိုင်ဦး ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ရခိုင်အသင်း အဖွင့်ဂိုးရခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၃၇ မိနစ်တွင် စိုးမောင်မောင်၊ ၃၉၊ ၈၂ မိနစ်တွင် ဂျေကေဖြိုး၊ ၄၉ မိနစ်တွင် မြင့်မြတ်သူရတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရခိုင်ယူနိုက်တက်အသင်းမှ ဂျေကေဖြိုးက ရရှိသည်။ ဒုတိယနေ့ယှဉ်ပြိုင်ကစားခဲ့သည့်အသင်းများအနက် အား/ကာသိပ္ပံအသင်းက ၁၅ ပွဲကစား ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၂၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့က ၁၆ ပွဲကစား ရမှတ် ၂၀ စီ၊ Dagon Port အသင်းက ၁၅ ပွဲကစား ၁၅ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၇) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၅ ရက် **(ယနေ့)** တွင် ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❑ *ကျောဖုံးမှ*

လာရောက်ပစ်ချ တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသူ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ကျေးရွာဆေးပေးခန်း၌ ဆေးကုသမှုခံယူစေလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်သည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတတ်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား မူလစံကျောင်းတော်၌ ဒေသစာရီကြွချီပူဇော်ခံဌာနမှ ဒေသခံများလာရောက်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ လာရောက်ကပ်လှူပူဇော်



**ညောင်ရွှေ အောက်တိုဘာ ၄**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် အစဉ်အလာအရ နှစ်စဉ်သီတင်းကျွတ်လဆန်း ၁ ရက်မှစတင်၍ မူလကျောင်းတော်မှ အင်းလေးကန်ဝဲယာ (၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံလျက်ရှိသည်။

ထိုသို့ ဒေသစာရီကြွချီပူဇော်ခံလျက်ရှိရာ ယခုနှစ်တွင် ညောင်ရွှေမြို့နှင့် အင်းလေးဒေသအတွင်း ရေကြီးရေလျှံ၍ သဘာဝဘေးဒဏ်ကြောင့် ဒေသစာရီကြွချီခြင်း မပြုလုပ်နိုင်သော်လည်း ထုံးတမ်းအစဉ်အလာအရ ဘုရားဒေသစာရီကြွချီတော်မူရာတွင် လိုက်ပါသည့် ဦးညွန့်မောင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇ နာရီက ယခင်ဖောင်တော်ဦးမြတ်စွာဘုရား ဒုတိယသီတင်းသုံး ကိန်းဝပ်တော်မူခဲ့ရာ ရွာကြီးဘန့်ပုံးကျေးရွာရှိကျောင်းတော်ရာဟောင်းနေရာနှင့် ပထမသီတင်းသုံးကိန်းဝပ်တော်မူခဲ့ရာ ဆော်မရွာ ကျောင်းတော်ရာဟောင်းနေရာများသို့ သွားရောက်၍ ဒေသစာရီကြွချီပူဇော်ခံရာတွင် ပြုလုပ်မြဲဖြစ်သည့် ပန်းအိုးများ ကပ်လှူပူဇော်ခဲ့သည်။

ထို့နောက် ဘုရားဒေသစာရီကြွချီတော်မူရာ၌ လိုက်ပါသည့်အဖွဲ့များသည် ကျေးပေါ်ခုံစံကျောင်းတော်သို့ရောက်ရှိရာ ထုံးတမ်းအစဉ်အလာအရ အင်းတိန်ကျေးရွာအုပ်စု၊ ကျေးပေါ်ခုံကျေးရွာအုပ်စုတို့မှ ဒေသခံဆွမ်းဒကာ၊ ဒကာမများက လာရောက်ပူဇော်ကန်တော့ခဲ့သည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား မူလစံကျောင်းတော်၌လည်း အင်းတိန်ကျေးရွာအုပ်စု၊ ကျေးပေါ်ခုံကျေးရွာအုပ်စုနှင့် အင်းလေးကန်အတွင်းမှ ဒေသခံပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ လာရောက်ကပ်လှူပူဇော်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ရှရီရှရီဆာရဒီယာဒူရ်ဂါပူဂျာပွဲတော် မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ

**မန္တလေး အောက်တိုဘာ ၄**
ဟိန္ဒူဘာသာဝင်များ၏ အားထားယုံကြည်ကိုးကွယ်ရာ ဖြစ်သော ရှရီရှရီဆာရဒီယာ ဒူရ်ဂါဒေဝီ-စန္ဒီမယ်တော် ပူဇော်ပွဲတော်ကို မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းများတွင် အောက်တိုဘာ ၃ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက် ရှိသည့်အပြင် ဟိန္ဒူဘာသာဝင်များ၏ နေအိမ်များတွင်လည်း ဒူရ်ဂါပူဇာ ပူဇော်ပွဲကို မိသားစုလိုက် ဥပုသ်သီတင်းသီလ ဆောက်တည်၍ ပူဇော်လျက်ရှိကြသည်။



အဆိုပါစန္ဒီမယ်တော် ပူဇော်ပွဲကို အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၁၂ လမ်းနှင့် ၁၃ လမ်းကြားရှိ သီရိဥ္စုံဟိန္ဒူဘုရားကျောင်းတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၃ ရက်မှစ၍ ၁၂ ရက်အထိ နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် ၁၀ ရက်တိုင်တိုင် ဆင်ယင်ကျင်းပလျက်ရှိပြီး ဒေသခံရပ်ကွက်မှ ဟိန္ဒူဘာသာဝင်မိသားစုများအပြင် မန္တလေး မြို့တွင်းမြို့ပြင်တို့မှ ဟိန္ဒူဘာသာဝင်မိသားစုဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြ ပန်း၊ လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဓမ္မတေးများရွတ်ဆိုပူဇော်ကြကြောင်းနှင့် ပွဲတော်ရက်ညပိုင်းတွင် အလှူရှင်မိသားစုများက ဘုရားကျောင်းပွဲတော်လာမိတ်သင်္ဂဟများကို အိန္ဒိယအစားအစာညစာဖြင့် စတုဒိသာကျွေးမွေး ဧည့်ခံလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ ၁၉ လမ်းနှင့် ၆၂ လမ်းထောင့်ရှိ ဆုတောင်းပြည့် ရှရီမဟာကာလီမယ်တော်ကြီး ဘုရားကျောင်းတွင် အောက်တိုဘာ ၃ ရက်မှစတင်ကာ နံနက်ပိုင်းတွင် ဟိန္ဒူထုံးတမ်းစဉ်လာအရ ဝတ်စားဆင်ယင်၍ နို့အိုးထမ်း၍ သာသနာ့အလံတင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြပြီး နံနက်ပိုင်းမှ ညနေ ၆ နာရီမင်္ဂလာအချိန်တွင် ပူဇော်ပွဲများကို နှစ်စဉ်အလှူရှင်များက စုပေါင်းတာဝန်ယူကြကာ အောက်တိုဘာ ၁၃ရက်အထိ စတုဒိသာထမင်းကျွေးခြင်းကို လှူဒါန်းကုသိုလ်ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါဘုရားကျောင်းတွင် အနယ်နယ်အရပ်ရပ်မှ မယ်တော်ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**တင်မောင်-မန္တလေး**

## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**
ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ရိုက်ခတ်မှုကြောင့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၁၁ ရက်၌ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီးတွင် နိုင်ငံကျော်အဆိုတော်များဖြင့် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဦးစီးကျင်းပမည့် "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေဂီတဖျော်ဖြေပွဲ အစီအစဉ်တွင် တေးသံရှင်ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ရတနာမိုင်၊ ပိုပို၊ ပန်းရောင်ခြယ်၊ ယွန်းမြတ်သူ၊ ဇွဲပြည့်၊ ဆိုင်စံနှင့် နေမင်းအိမ်တို့က မြူးကြွလန်းဆန်းသော တေးသီချင်းတို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေပွဲတွင် ပါဝင်လှူဒါန်းကြည့်ရှုနိုင်ရန် လက်မှတ်များကို Junction City (ဗိုလ်ချုပ်လမ်း) ၄ လွှာ Music Box ၊ Junction Square (Secret Garden) ပြည်လမ်း Music Box ၊ အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ Yangon International Hotel Music Box ၊ တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)ရုံး၊ အမျိုးသားကဇာတ်ရုံတို့၌ (ရုံးချိန်အတွင်း) နှင့် Online မှ K Pay ဖြင့် ၀၉ ၂၅၂၈၀၄၃၀၈ သို့ လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၄**
အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ ယားမီးအဲက တစ်မြို့နယ်တည်းနေ မ----၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၁၃/၂၀၂၃နှစ်၊ မ---၊ ၁၃/၂၀၂၃ နှစ်၊ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၄/၂၀၂၃ နှစ် တို့အား အထူးဒေသ(၂)၊ ဟိုတောင်းမြို့ရှိ သူဌေးအိမ်တွင် နေထိုင်ရမည်၊ တရုတ်စာသင်ကျောင်းတွင် ကျောင်းထားပေးမည်၊ ဖုန်းဝယ်ပေးမည်၊ လိုချင်တာဝယ်ပေးမည်ဟု ပြောဆိုစည်းရုံးကာ အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ရရှိသောငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသဖြင့် ကျိုင်းတုံမြို့မရဲစခန်း (ပ)၁၇၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၁၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ ကျိုင်းတုံခရိုင်တရားရုံးမှ ၂၄ အောက်တိုဘာ ၂ ရက်တွင် တရားခံယားမီးအဲ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် (၁၂) နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ဧည့်စာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ


**နေပြည်တော် အောက်တိုဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ဧည့်စာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွင် စာရင်းစစ်၊ စာရင်းကောက်များသည် ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းကောက်ယူမှု အချက်အလက်များအတိုင်း ကောက်ယူလျက်ရှိပြီး မသက်ဆိုင်သည့် အခြားအချက်အလက်များကို စစ်ဆေးခြင်း၊ ကောက်ယူခြင်းမရှိဘဲ ဖမ်းဆီးခြင်းများလည်း မရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အတွက် စာရင်းအချက်အလက်များ ကောက်ယူရာတွင် မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်နေမှုအပေါ် တရားမဝင်ပြည်ဖျက်မီဒီယာများက မနာလို၊ မရှုဆိတ်ဖြင့် သတင်းတု၊ သတင်းမှားကို ပြည်သူလူထုအကြား ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေလှိုင်းတွေကြားက ၁၂ နှစ်သားလေး၏ တစ်ကိုယ်တော် ကယ်ဆယ်ရေးခရီး



## ခင်ရတနာ

မုန်တိုင်းမိုးရက်ဆက်ရွာသွန်းနေတာကြောင့် စစ်တောင်း(ပေါင်းလောင်း) မြစ်အတွင်း ရေစီးသန်လှပါတယ်။ နေပြည်တော်ကောင်စီနယ်မြေနဲ့ ပဲခူးတိုင်းဒေသကြီးတို့ ဆက်စပ်ရာ လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့အနီးမှာလည်း မိုးရော၊ လေရော အားကောင်းနေဆဲ။ အဲဒီနေ့က စက်တင်ဘာ ၁၁ ရက်နေ့။ စစ်တောင်းမြစ်ရေက ည ၁၂ နာရီ အချိန်လောက်မှာ တဲအခြေကိုထိလာခဲ့ပြီ။ တံငါလှေတစ်စင်းနဲ့ စစ်တောင်းမြစ်လယ်သောင်ခုံက တဲလေးမှာနေတဲ့ တံငါမိသားစုအဖို့ကတော့ အခြေအနေကို ရိပ်စားမိတယ်။ ရေတက်လာတော့မယ်။ ကလေးငယ်တွေနဲ့ အမျိုးသမီးကို ကမန်းကတန်း လှေပေါ်တင်ပြီး အနီးဆုံးကုန်းမြင့်ဖြစ်တဲ့ ရွှေပြည်သာရွာကို ပို့လိုက်တယ်။ ပြီးတော့ သူတို့ရဲ့ မိသားစုဝင်တွေလိုဖြစ်နေတဲ့ ဆိတ်ကလေးတွေ၊ ခွေးကလေးတွေနဲ့ ကြက်ကလေးတွေကို ကယ်ဖို့ သားအဖနှစ်ဦးသား သောင်ခုံပေါ်ကို ပြန်ဦးတည်တယ်။

သူတို့သောင်ပေါ်ကူးခါနီး မနက် ၂ နာရီလောက်မှာ ရေကတဲတစ်ဝက်ကျော် မြင့်တက်လာခဲ့ပြီ။ ဆိတ်ကလေးတွေက ရေစီးနဲ့ပါသွားတယ်။ ကြက်ကလေးတွေကို ရှာမရတော့ဘဲ ခွေးလေးတစ်ကောင်ကလည်း သခင်ဖြစ်သူကို ကြည့်ရင်းနဲ့ လှိုင်းဒဏ်နဲ့ ရေစီးကြောင့် လွင့်စဥ်၍ မျောပါသွားတယ်။ တဲထဲကနေ ဘယ်ပစ္စည်းမှတောင် ယူချိန်မရဘူး။ မိုးမလင်းမီ မနက် ၃ နာရီလောက် သူတို့အိမ်လေးက မျက်စိတစ်မှိတ်အတွင်း မြစ်ရေနဲ့အတူ မျောပါပျောက်ကွယ်သွားတာကို ငေးကြည့်ရင်း အသက် ၁၂ နှစ်အရွယ်သားဖြစ်သူရဲ့ မျက်လုံးမှာ မျက်ရည်စတွေနဲ့။ ဒါပေမယ့် သူကြာကြာတော့ မငိုအားခဲ့။ တစ်ဖက်ကမ်းရွာက ရေကြီးနစ်မြုပ်မှုကြောင့် အတိဒုက္ခရောက်ပြီး အိမ်ခေါင်ပေါ်၊ သစ်ပင်ပေါ်တက်နေကြရတဲ့ ရွာခံတွေရဲ့ အော်ဟစ်သံတွေဆီကို သူတို့သားအဖရဲ့ တံငါလှေလေးက အလျင်အမြန် ရောက်ရှိသွားခဲ့ပါတော့တယ်။ ပထမဆုံးအသုတ်ကယ်ဆယ်ခဲ့သူတွေ ရေဘေးလွတ်တဲ့ မြစ်ကမ်းဆီ ပို့ဆောင်ပေးနိုင်ချိန်မှာ မနက် ၅ နာရီလောက်ရှိပါပြီ။

အဲဒီ နေရာကတော့ နေပြည်တော်ကောင်စီနယ်မြေနဲ့ ပဲခူးတိုင်းဒေသကြီးတို့ နယ်နိမိတ်အနီး လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ ပေါက်မြိုင်ကျေးရွာအုပ်စုကြို့ပင်သာအရှေ့ကမ်း (အရပ်ခေါ် -အောင်သုခရွာ) လို့ခေါ်ကြတဲ့ အိမ်ခြေ ၃၅ အိမ်သာရှိတဲ့ စစ်တောင်းမြစ်ကမ်းမေးတင် ရွာကလေးဖြစ်ပါတယ်။ တံငါမိသားစုလေးက ရွာထဲမှာနေသလို စစ်တောင်းမြစ်အတွင်းက သောင်ပြင်ပေါ်မှာလည်း သူတို့တဲကလေးရှိတယ်။ တံငါအလုပ်အပြင် ဆိတ်ကျောင်းပြီး ဟင်းသီးဟင်းရွက် အနည်းငယ်ခြံစိုက်စားကြသူတွေပေါ့။

တစ်နေကုန်ရွာသားတွေကို ရေလွတ်ရာကို ပို့ဆောင်ပေးခဲ့သူ သားအဖကတော့ ကိုမင်းနိုင်ဆိုသူနဲ့ အသက် ၁၂ နှစ် အရွယ် သားလတ် မောင်ပေါများတို့ ဖြစ်ပါတယ်။ အဲဒီနေ့ ညနေစောင်းချိန်မှာ ရွာရှိလူဦးရေ သုံးပုံတစ်ပုံဖြစ်တဲ့ ကလေးတွေနဲ့ သက်ကြီးရွယ်အိုအချို့ကိုသာ ကယ်ထုတ်နိုင်ပါသေးတယ်။ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် ဖခင်ဖြစ်သူက အသံဝင်အအေးမိဖျားနာပြီး ကယ်ဆယ်ရေးဆက် မလုပ်နိုင်တော့ပါဘူး။ ဒီအချိန်မှာ ကျန်ရစ်သူတွေအတွက် စိုးရိမ်နေတဲ့ ၁၂ နှစ်သားလေး မောင်ပေါများက စက်တပ်လှေလေးကို တစ်ဦးတည်းမောင်းရင်း ရွာသားတွေ အားလုံးကို နှစ်ရက်ဆက် ကယ်တင်ခဲ့ပါတယ်။

"လှေက ကလေးဆို သုံးယောက်၊ လေးယောက်လောက်ပဲဆံ့တယ်။ လူကြီးဆိုနှစ်ယောက်၊ ပိန်ရင် သုံးယောက်ပဲဆံ့တာ။ ဘယ်နှခေါက် သွားခေါ်လဲဆိုရင် မမှတ်မိတော့ဘူး။ နှစ်ရက်လုံး လှေပေါ်မှာပဲ။ လူ ၁၀၀ လောက်ရှိမယ်ထင်တယ်" လို့ မောင်ပေါများလေးက ဆိုပါတယ်။

"ကျွန်တော့်မှာ သားသမီး ခုနစ်ဦးရှိပါတယ်။ အကြီးဆုံးက အတူမနေဘူး။ ဒုတိယမြောက်သားက ထိုင်းကို အလုပ်သွားလုပ်တာ ကိုးလရှိပြီ အဆက်အသွယ်လည်း မရဘူး။ တတိယသားက ရွှေဘိုမှာ ဘဲကျောင်းဆိုပြီး သွားလိုက်တာ ခြောက်လရှိပြီ အဆက်အသွယ်မရဘူး။ ပေါများလေးက စတုတ္ထသားပါ။ သူ့အောက်မှာ မိန်းကလေးနှစ်ယောက်နဲ့ သားအငယ်ဆုံးလေးရှိတယ်။ ပြောရရင် မောင်ပေါများက သိပ်ကို စိတ်ချရတယ်။ စက်ကိုလည်း ကျွမ်းကျင်တယ်၊ ရေကြောင်းလည်း ကျွမ်းကျင်တယ်၊ ဒါကြောင့် ကျွန်တော် မလိုက်နိုင်တော့တဲ့အချိန် သူတစ်ယောက်တည်း စက်လှေမောင်းပြီး လူကယ်တာကို ခွင့်ပြုလိုက်တာပါ။ ဒါပေမယ့် အဖေဆိုတော့ ကျွန်တော် စိတ်မချဘူး၊ သူတစ်ခုခုသာဖြစ်ရင်ဆိုပြီး ပူပန်ပြီး ကျန်ခဲ့ရတာပေါ့" လို့ ပေါများရဲ့ ဖခင်ဖြစ်သူ ကိုမင်းနိုင်က ပြောပြပါတယ်။


ရေကျသွားပြီးနောက် ရွာအဝင်လမ်းမြင်ကွင်း။

ပေါများတို့ရွာမှာ အိမ်ခြေ ၃၅ အိမ်ရှိပြီး လူတစ်ရာကျော်မှာ ကလေးနဲ့ သက်ကြီးရွယ်အိုတွေ အများစု ပါဝင်ပါတယ်။ လူလတ်ပိုင်းအချို့ ရေကူးတတ်ကြပေမယ့် ရေဘေးကျရောက်တဲ့အခါ စစ်တောင်းမြစ်နဲ့ တစ်စပ်တစ်ဆက်တည်း ရေပြင်ကြီးလို ဖြစ်သွားတဲ့အပြင် မိုးကမစဲဘဲ လေကပြင်း၊ လှိုင်းကထန်ခဲ့တာကြောင့် ဘယ်သူမှ ဖြတ်မကူးရဲကြပါဘူး။



"အဲဒီနေ့က မနက် ၃နာရီထိုးမှာ ရေက အတော်တက်နေပြီ။ လွတ်အောင်ထွက်တာ မလွတ်တော့ဘဲ အိမ်အမြင့်ကို ရေကူးပြီးသွားနေရတယ်။ ညနေ ၅ နာရီလောက်မှ ကျွန်တော်တို့ အလှည့်ရောက်တယ်။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေကို သူကအရင်ကယ်တာ။ အနီးလေးကယ်ရတာ မဟုတ်ဘူး၊ ရေလွတ်တဲ့ဆီ တစ်မိုင်လောက် မောင်းရတာ။ လမ်းကလည်း ရေမြုပ်တော့ ရေလမ်းကြောင်းတွေ အကုန်ပျောက်နေပြီ၊ လှိုင်းလေကလည်း ကွင်းပြင်ကျယ်ဆိုတော့ ပြင်းတယ်။ သက်စွန့်ဆံဖျားကယ်ရတာ။ အဲဒီနေ့က သူတို့သားအဖတွေ အခေါက်ခေါက် အခါခါ သယ်ရတာ။ စက်ပျက်မှာရယ်၊ သူတို့ကျန်းမာရေး ချို့တဲ့မှာရယ်ကို အားလုံးကစိုးရိမ်တာ၊ အဲဒါဆို ကျွန်တော်တို့ အားလုံးသွားပြီ။ ကျွန်တော်တို့ မိသားစုတင် လေးခေါက်သယ်ရတယ်။ ည ၈ နာရီလောက်အထိ လှေနဲ့လာတုန်းပဲ မီးကမရှိဘူး။ ကယ်ရမယ့်နေရာကို မှန်းပြီးသွားကယ်နေရတာ။ တော်တော်လေးကို ကျေးဇူးတင်ဖို့ကောင်းပါတယ်။ ဒီရွာနဲ့ ဟိုဘက်ရွာ နှစ်ရွာလုံး ဒီတဲတန်းတစ်လျှောက်လုံးကို သူတို့သားအဖ ကယ်သွားတာပါ။ နှစ်ရက်ဆက်တိုက် ကယ်ရတာ။ ကြို့တန်းရွာမှာ ခေါင်မိုးပေါ် လူတစ်ယောက်တည်း ကျန်နေခဲ့တာကိုလည်း သူပဲသွားကယ်တယ်။ ဆီကပြတ်သွားတော့ ကုန်းမြင့်ရွာတွေက ဝိုင်းလှူကြတယ်။ ပြောရရင် စစ်တောင်းမြစ် တစ်ဖက်ကမ်းမှာ လှေကြီးလှေကောင်းတွေ ရှိတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ဘယ်သူမှ ကူးမလာရဲဘူးလေ။ ဒီလှိုင်း ဒီအခြေအနေနဲ့ဆိုရင် အကုန်မှောက်ကုန်မှာ။ ပေါများတို့တံငါလှေလေးနဲ့သာ လိုက်မကယ်ပေးခဲ့ရင် တစ်ရွာလုံး မတွေးရဲစရာဘဲ"လို့ ကျေးရွာဇာတိဒေသခံ ဦးဇေယျာအောင်က သူ့အတွေ့အကြုံ ခံစားချက်ကို ပြောပြပါတယ်။

ပေါများတို့ရွာက လယ်ဝေးမြို့အလွန် သာဝတ္တိမြို့ကနေ လေးမိုင်လောက် ဝင်သွားရတဲ့ စစ်တောင်းမြစ်ကမ်းပေါ်က စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ရွာလေးဖြစ်ပါတယ်။ အရင်က ရေတက်ဖူးပေမယ့် တစ်ပေခွဲလောက်သာ အမြင့်ဆုံးတက်ဖူးပြီး အခုရေတက်ခဲ့တာကတော့ ခြောက်ပေကနေ ၁၂ ပေကျော်အထိ တက်ခဲ့တာ ဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် ကျေးရွာအတွက် အစားအစာ၊ အဝတ်အထည်နဲ့ ဆေးဝါးအကူအညီတွေ လိုအပ်နေလို့ ပရဟိတအဖွဲ့တွေက အခုချိန်အထိ ကူညီထောက်ပံ့ပေးနေရတဲ့ ရွာလေးတစ်ရွာဖြစ်ပါတယ်။ ရွာအဝင်လမ်းမှာ ပျက်စီးခဲ့ရပြီး ရွာပတ်ဝန်းကျင်က ပြောင်းခင်းတွေကတော့ ရေနစ်မြုပ်မှုဒဏ်ကြောင့် အရိုးပြိုင်းပြိုင်းနဲ့ ခြောက်သွေ့ညှိုးလျော်နေပါတယ်။ ကျေးရွာစာသင်ကျောင်းမှာလည်း နွံအတိဖုံးလွှမ်းနေလို့ နယ်မြေခံတပ်ရင်းက လာရောက်ရှင်းလင်းပေးပြီး ကျောင်းပြန်ဖွင့်နိုင်အောင် ကူညီပေးနေတာကို တွေ့ရပါတယ်။

"ပေါများက သူတို့ရွာကို အလှူရှင်တွေလာတဲ့အခါ သူ့လှေနဲ့ သူပဲ ထွက်ခေါ်တာ၊ နေ့ည အချိန်မရွေး ခေါ်ပေးတယ်။ ပြန်ပို့ပေးတယ်။ ရွာအတွက်ပေးတဲ့ ရိက္ခာတွေကို လှေပေါ်တင်ပေးတယ်။ အခုရေကျသွားတော့မှပဲ သူ့ခမျာ နားရတယ်" လို့ ကျေးရွာသူ အမျိုးသမီးတစ်ဦးက ဖြည့်စွက်ပြောပြပါတယ်။

ပေါများက အတန်းပညာကို ဒုတိယတန်းအထိသာ တက်ရောက်ခွင့်ရခဲ့ပြီး မိသားစုစားဝတ်နေရေးအတွက် မိဘကို ကူညီပေးတဲ့အနေနဲ့ ဆိတ်ကျောင်းတာ၊ စိုက်ပျိုးရေးလုပ်တာနဲ့ ငါးဖမ်းတာတွေကို လုပ်ကိုင်နေခဲ့ရသူလေး ဖြစ်ပါတယ်။ လက်ရှိမှာ သူတို့ မိသားစုပိုင်ဆိတ်ကလေးအချို့ ရေနစ်မျောပါသေဆုံးသွားခဲ့ပြီး ရေကြီးမှုတွေကြောင့် တံငါလုပ်ငန်းလည်း အဆင်မပြေ ဖြစ်ရသလို စိုက်ခင်းတွေအားလုံးလည်း ပျက်စီးခဲ့ရပါတယ်။

နေလောင်မှုကြောင့် ဆံပင်တွေ နီကြင်ကြင်ဖြစ်နေတဲ့ ၁၂ နှစ်သားလေးရဲ့ မျက်နှာပေါ်က မျက်လုံးနဲ့ နှာခေါင်းနား တစ်ဝိုက်ဒဏ်ရာအချို့ကို မြင်တွေ့ရပါတယ်။ "လှေမောင်းရင်း ဘာနဲ့ငြိမိလဲတော့မသိဘူး။ ညဘက်တွေလည်း သွားကယ်ရတာဆိုတော့ ဒဏ်ရာတွေကို သတိမထားမိဘူး၊ အားလုံးပြီးတော့မှ တအားနာမှန်းသိတယ်။ အခုတော့ လှေကပေါက်သွားပြီး စက်ကနှိုးရခက်နေတယ်" လို့ ပေါများကပြောပြပါတယ်။ "သားခွေးလေးတွေက လိမ္မာတယ်၊ ဟင်းမစားတတ်ဘူး၊ ထမင်းအဖြူပဲကြိုက်တာ" လို့ စိတ်လိုလက်ရ ပြောပြပါသေးတယ်။ ***စာမျက်နှာ ၁၈ သို့***

# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၄ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၄၇)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒသမ ၆၃)ပေ လျော့နည်းသွားခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများအား (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၄.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေ အနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၃၁၉၂ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၇၈၅၉ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၄၇ | ၁၇၉၆၂ | ၀.၄၅ | ၆၂၇.၄၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၄၅ | ၂၇၆၆၉ | ၂၁၅ | ၈.၅၅ | ၈၈၃၁ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၀ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၁၂ | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၀ | ၁၀၇၁၁ | ၇ | ၂.၀၀ | ၁၅၄၆ | - | - | ၀.၀၆ | ၅၁၀.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၇၀ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၃ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၅၀ | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | ၀.၃၀ | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၀ | ၇၈၇၁ | - | ၁.၅၀ | ၈၄၇ | - | - | - | ၄၁၆.၅၃ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၁၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၄.၂၀ | ၁၀၅၃၄ | - | ၅.၈၀ | ၄၀၆၆ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

*စာမျက်နှာ ၁၇ မှ*

သူ့ခွေးလေးတစ်ကောင်နဲ့ ဆိတ်ကလေးတွေ၊ ကြက်ကလေးတွေ ရေဘေးသင့်ခဲ့ရတာကို သတိရနေပုံပါပဲ။

"ပေါ်များလေးအကြောင်းကို လူသိများလာတော့ စေတနာရှင်တွေက ဝိုင်းပြီးဂုဏ်ပြုကြလို့ ဝမ်းသာမိပါတယ်။ သူ့ပညာရေးအတွက် ထောက်ပံ့ပေးကြတယ်။ စက်လှေတစ်စင်းလည်း လှူမယ်လို့ အလှူရှင်တွေဆီကသိရတယ်။ သူ့ကို ကျောင်းပြန်တက်နိုင်အောင်၊ သူတို့မိသားစုလေး အလုပ်အကိုင်တွေ ပြန်အဆင်ပြေအောင် ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကူညီပေးသွားမှာပါ"လို့ လယ်ဝေး၊ ပျဉ်းမနားခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်က ဆိုပါတယ်။

ပေါ်များဆီကို သွားအတွေ့မှာ တစ်ရွာလုံးက ကလေး၊ လူကြီးမကျန် အားရဝမ်းသာစွာနဲ့ ဧည့်ခံကြပါတယ်။ ပေါ်များလေးကို စကားပြောနေရင်းက ရွာသားတွေဆီကို "ဒီရွာလေးကို ပေါ်များက ကယ်ခဲ့တာလား" လို့ မေးလိုက်တဲ့အခါ တစ်ရွာလုံးက ကလေးလူကြီးမကျန် မဆိုင်းမတွဘဲ "ဟုတ်ပါတယ် သူကယ်တာ" ဆိုတဲ့အဖြေကို ကြားခွင့်ရခဲ့ပါတယ်။

အလုံးအရင်းနဲ့စီးဆင်းနေတဲ့ ရေတွေ၊ လှိုင်းတွေကြား အသက်အန္တရာယ်အချိန်မရွေး ကျရောက်နိုင်တာကြောင့် ဆက်မကယ်တော့ဖို့ ပေါ်များကို တားဆီးခဲ့ကြပေမယ့် အဲဒီ ၁၂ နှစ်အရွယ်ကလေးက တစ်ကိုယ်တော် ကယ်ဆယ်ရေး ခရီးဆက်လုပ်ခဲ့တယ်လို့ ဆိုကြပါတယ်။ ဒါနဲ့ပတ်သက်လို့ သူ့ကိုမေးတဲ့အခါ "မကယ်ရင် သူတို့တွေ သေကုန်ကြမှာပေါ့" လို့ ရိုးရိုးလေးပဲ ဖြေခဲ့ပါတယ်။

ယနေ့ ကမ္ဘာအရပ်ရပ်မှာ လူသားတို့အပေါ် ခြိမ်းခြောက်နေတဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နေပါတယ်။ သဘာဝဘေးဆိုတာ တားဆီးလို့မရပေမယ့် ကြိုတင်ပြင်ဆင်ပြီး သတိနဲ့ရင်ဆိုင်ကြရတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တစ်ကြိမ်တစ်ခါမှ မကြုံဖူးတဲ့ ဘေးအန္တရာယ်ဆိုးကြီး တစ်သက်မှာတစ်ခါဆိုသလို ကျရောက်လာတဲ့အခါ ရှောင်လွှဲဖို့ရာ အတော်ခက်ခဲပါတယ်။ မြန်မာနိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့ မုန်တိုင်းမိုးတွေကြောင့် ရေကြီးရေလျှံမှုတွေကို မြို့နယ်ပေါင်း ၅၄ မြို့နယ်မှာ ခံစားခဲ့ရပြီး ပြန်လည်ထူထောင်ဖို့ အစိုးရ၊ ပြည်သူ၊ အဖွဲ့အစည်းအသီးသီးနဲ့ ပရဟိတသမားတွေ အားသွန်ခွန်စိုက် လုပ်ဆောင်နေကြပါတယ်။

လူသားဆန်မှု၊ လူသားချင်းစာနာထောက်ထားမှု၊ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးသယ်ပိုးမှု စတာတွေဟာ ကြီးမားလှတဲ့ ဘေးအန္တရာယ်တွေနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ ထွက်ပေါ်လာတာကို တွေ့ရပါတယ်။ ပေါ်များလို ကလေးတစ်ယောက်ရဲ့ လူသားစိတ်ဓာတ်နဲ့ သူရှင်သန်နေထိုင်ရာ လူ့အသိုက်အဝန်းအပေါ် ကျေးဇူးပြုနိုင်သူကတော့ ရှားရှားပါးပါး တွေ့မြင်ခွင့်ရတာပါပဲ။

မောင်ပေါ်များအပါအဝင် သူ့လိုပဲ မိမိအကျိုးစီးပွား၊ မိမိအသက်ကို မငဲ့ကွက်ဘဲ အများအကျိုးအတွက် လုပ်ဆောင်နေသူတွေကို လေးစားအသိအမှတ်ပြုရင်း လူသားကမ္ဘာကြီး ပြန်လည်လုပကျန်းမာစေဖို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတော့တယ်။ ။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်၌ ကွင်းသရုပ်ပြပွဲနှင့် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မိုးစပါး ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအပေါ် အထွက်နှုန်းမကျဆင်းရေး ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၃ ရက်က ဇလောင်းတောင်ကျေးရွာ ကွင်းအမှတ်(၁၈၈၀)ရှိ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခဲ့သော တောင်သူ ဦးသောင်းလှိုင်၏ မိုးစပါးစိုက်ခင်းတွင် ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းဦးနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ပျဉ်းမနား-တောင်ညိုကားလမ်းဘေး မိုင်တိုင်အမှတ်(၁၃/၀၀)အနီး ယာယီရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ ကွင်းအမှတ်(၁၈၈၀) ရှိ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော တောင်သူ ၂၇ ဦး၏ မိုးစပါးစိုက်ခင်း (၅၀ ဒသမ ၀၀)ဧကအား သွင်းအားစု ဓာတ်မြေဩဇာများ၊ မှိုသတ်ဆေးနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇလောင်းကျေးရွာအုပ်စု ငန်းစပ်ကျေးရွာအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ယူနေမှုအား သွားရောက်ကြည့်ရှု အားပေးသည်။

ကြည့်ရှုအားပေးစဉ် တာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(မြန်/ဆက်)**

# နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူ

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကောက်ယူဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်း အိမ်ရာများ၊ အပျိုဆောင်/ လူပျိုဆောင်များတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်း၍ စာရင်းကောက်ယူကြရာ မှန်ကန်ပြည့်စုံစွာ ဖြေကြားဆောင်ရွက်ကြသည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ် ရှစ်ခုတွင် စာရင်းကောက်ကွက် စုစုပေါင်း ၂၆၆၂ ကွက်၌ စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၁၃၃၆ ဦးဖြင့် ကောက်ယူလျက်ရှိရာ နေပြည်တော် တပ်ကုန်းမြို့၌ စာရင်းကောက်ကွက် စုစုပေါင်း ၅၂၇ ကွက်၊ စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၂၄၆ ဦးဖြင့် အိမ်ထောင်စုစာရင်း ကောက်ကွက်မေးခွန်းပုံစံ ၆၈ ခုနှင့် အဖွဲ့အစည်းစာရင်းကောက်ကွက်မေးခွန်းပုံစံ ၁၈ ခုတို့ကို Mobile Tablet များ အသုံးပြုမေးမြန်း စာရင်းကောက်ယူပြုစုပြီး ရရှိလာသည့်အချက်အလက်များကို CAPI စနစ် အသုံးပြု၍ နေပြည်တော် ရုံးချုပ် Server သို့ ပေးပို့ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ပါရမီရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃ -၂၀၂၄ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၁ရက်က အသင်းရုံးခန်းမ၌ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးလှမြင့်က အသင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီရိမွန်က အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ ရှင်းလင်းပြောကြားစဉ်။ အာကာလင်း

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



သရက်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၁ ရက်က ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းနိုင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်ရွှေအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး စန်းဦးတို့ ကြည့်ရှုအားပေးစဉ်။

သီဟစည်သူ



ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ အောက်တိုဘာ ၁ရက်မှ စတင်ကောက်ယူလျက်ရှိရာ တီးတိန်ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်များနှင့် အထောက်အကူပြုအဖွဲ့များက စာရင်းကောက်ယူကြစဉ်။ မိုးမိုး



မွန်ပြည်နယ် ပေါင်မြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များ အောက်တိုဘာ ၄ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ကောက်ယူလျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုအားပေးစဉ်။ မွန်မလေး (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် အောက်တိုဘာ ၄ ရက်က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကွင်းဆင်းကောက်ယူမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်သူညွှန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ဟန်စုယဉ်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

**၄ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၃၀ | ၂၆၁၀၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၁ | ၃၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀ | ၁၉၀၀ | ၇၇၅ | ၁၄၇၂၄၅၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၀၁ | ၁၁၀၂၇၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၆၄၄ | ၁၀၉၄၈၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၄၇၇၅ | ၁၆၂၃၅၀၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ဦးကျော်ဆန်းဦး ၇/ကတခ(နိုင်)၀၀၃၆၉၈ ၏ သမီး အထက(ကျောက်တံခါး) Grade-3(A) မှ မကြယ်စင်ဝင်း အား မခက်ခက်ငြိမ်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခက်ခက်ငြိမ်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 75W/96918,Super Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 84W/69150, NP Model-125,M/C ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**









**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2M/9772 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီအေး ၇/ပခန(နိုင်)၁၈၀၃၀၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**


**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## လျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α T5 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် ARCFOX အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Zeerk X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ



သည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၂၆၀ တန်နှင့် အခြားသစ် ၄ ဒသမ ၀၆၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၁၄၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်း၌ ချောထုပ်နှစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၉၅၃၀၃၇၅)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၇၈၀၃၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၃၆၉၆) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Alphard မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၃၆၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်မြို့ မြို့အဝင်ဂိတ်၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၁၂၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း၊ မြစ်ငယ် စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Gaia Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၃၃၈၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၁၁ တန်၊ အခြားသစ် ၀ ဒသမ ၁၁၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၁၈၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၆၈၁၅၈၉၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၂)ခုအတွက် ကျပ်သန်း (၂၀နှင့်၂၀၀)ကြားနှင့် ကျပ်သန်း (၂၀၀) အထက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်းနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါခေါ်ယူခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

ဝယ်ယူမည့်လုပ်ငန်းသုံးပစ္စည်းများ

| စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀၀) အထက် |
|---|---|---|---|---|---|
| ၁။ | Geotextile | ၅။ | ၄"-၆" ကျောက်ကြီး | ၁။ | ဘိလပ်မြေ |
| ၂။ | Gabion Box (3mx 3mx1m) | ၆။ | ၆"-၉" ကျောက်ကြီး | ၂။ | 16 mm Ø MS Rod |
| ၃။ | Gabion Box (2mx 2mx1m) | ၇။ | 16 mm Ø MS Rod | ၃။ | ၄"-၆" ကျောက်ကြီး |
| ၄။ | Gabion Box (2mx2mx0.5m) | ၈။ | 12 mm Ø MS Rod | | |

လုပ်ငန်းတစ်ရပ်လုံးတင်ဒါ

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| ၁။ | နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ နဝင်းချောင်းတံတား သောင်တူးဖော်ခြင်းလုပ်ငန်း |

၂။ တင်ဒါပုံစံရောင်းချခြင်း - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင် လမ်းမကြီး ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၇-၁၀-၂၀၂၄)ရက် (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၂၁ -၁၀- ၂၀၂၄ ) ရက် / (၁၅:၃၀) နာရီ

တင်ဒါဖွင့်လှစ်မည့်ရက် - (၂၄-၁၀-၂၀၂၄)ရက်

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း - ၀၉- ၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မုံရွာမြို့နယ်တရားရုံးတော်
၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၁

မစုယဉ်ကို **တရားလို** နှင့် ဦးဌေးအောင် **တရားပြိုင်**

ဘုတလင်မြို့နယ်၊ သမန်းတောကျေးရွာနေ တရားပြိုင် ဦးဌေးအောင် (ဘ) ဦးလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မစုယဉ်ကိုက ငွေ(၂၈၃၀၅၀၀/-)(နှစ်ဆယ့်ရှစ်သိန်းသုံးသောင်းငါးရာ) ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်သီဟ)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မုံရွာမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
(တရားမကျင့်ထုံး ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
အင်းစိန်မြို့နယ် တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

စတာပါနာလီမိတက် (၎င်း၏ကိုယ်စား လိုင်သာယာရုံးခွဲ မန်နေဂျာ ဦးနိုင်လင်းထက်) **(တရားလို)**
နှင့်
၁။ ဦးကျော်ဇေယျ
၂။ ဒေါ်မိုးမိုးခိုင်
၃။ ဦးကျော်စန်းဝင်း
၄။ ဦးသောင်းလှိုင်
၅။ ဒေါ်ထားထားဦး
၆။ ဦးဝင်းဟန်စိုး
**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ စန္ဒယော်အုပ်စု၊ ကျိုစုကျေးရွာ၊ ရွာလမ်းနေ အမှတ် (၁) တရားပြိုင် ဦးကျော်ဇေယျ၊ အမှတ်(၂) တရားပြိုင် ဒေါ်မိုးမိုးခိုင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို စထာပါနာလီမိတက် (၎င်း၏ကိုယ်စား လိုင်သာယာရုံးခွဲမန်နေဂျာ ဦးနိုင်လင်းထက်) က "ချေးငွေကျပ်-၁၃၈၉၅၄၃/- (ကျပ်တစ်ဆယ့်သုံးသိန်း ရှစ်သောင်းကိုးထောင်ငါးရာလေးဆယ့်သုံးကျပ်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းသဇင်)
ဒုတိယမြို့နယ်တရားသူကြီး (၂)
အင်းစိန်မြို့နယ်တရားရုံး

## အမည်ပြောင်း

တောင်ကြီးမြို့၊ အ.ထ.က (၄)၊ Grade-2(B)မှ မမူနှင်းသဇင်အိဖွေးအား ယနေ့မှစ၍ မရွှေရည်သွန်းဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကိုင်းကျေးရွာနေ မခင်နှင်းဝေ အ.ထ.က(ခွဲ)ကိုင်း Grade-12မှ မောင်သန်းနိုင် Grade-11မှ မအေးချမ်းမေတို့၏ဖခင် ဦးတင်လှိုင်(ခ)ဦးမောင်မောင် ၈/မလန(နိုင်) ၀၅၈၇၆၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့၊ မြင်းမူးကျေးရွာနေ မအေးအေးမွန်၏ဖခင် ဦးစိုးနိုင်(ခ)ဦးစောနိုင် ၁၃/ပတယ(နိုင်)၀၆၈၀၂၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အ.မ.က-နတ်ကန်ကျောင်းမှ အထွေထွေလုပ်သား ဒေါ်နန်းနှင်းယဉ်(ခ) ဒေါ်နှင်းယဉ် ၁၃/တကန(နိုင်) ၁၀၀၃၄၀၏ဖခင် ဦးပန်းစိန်(ခ) ဦးဘစိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၂၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၀/ရမန(နိုင်)၂၀၁၃၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်၅၊ နည်းဥပဒေ ၁ နှင့် ၅)
ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅

ဒေါ်မွေးသက်စံညို **တရားလို** နှင့် ၁။ ဒေါ်မြင့်မြင့်ကြည် ၂။ ဒေါ်ခင်ညိုအောင် **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၅၇၆)နေ ဒေါ်ခင်ညိုအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မွေးသက်စံညိုက"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/8540,NISSAN CONDOR CM 87KS, Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောရဲအောင် ၈/ရစက(နိုင်)၂၅၁၀၂၂က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ကန့်ကွက်နိုင်ပါကြောင်း

ဇမ္ဗူသီရိမြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်(၃၇/၁) မြေဧရိယာ (၀.၁၁၃)ဧကရှိ မြေကွက်အား ဒေါ်ခင်လှမေ-ဦးမြင့်အောင် အမည်မှ ဒေါ်ပိုက်ပိုက်မြင့်သိန်း ၁/ဗမန(နိုင်)၀၄၁၈၃၀ အမည်သို့ အမည်ပြောင်း မြေငှားဂရန် အသစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ဇမ္ဗူသီရိမြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက (၁)၊ Grade-12 (သဇင်ခန်း)မှ မမီးနန္ဒာ၏ မိခင် ဒေါ်ခိုင်ခိုင်မျိုးနှင့် ဒေါ်ခိုင်မိုး ၆/ပလန(နိုင်) ၀၅၀၀၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခိုင်ခိုင်မျိုး(ခ)ဒေါ်ခိုင်မိုး

## မိဘအမည်မှန်

ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာနေ ကျောက်ရပ်-အလက Grade-5 မှ မရှင်းရှင်းမေ၏ မိဘ ဦးမျိုးနိုင်-ဒေါ်ခင်စန်းရီတို့၏ အမည်မှန်မှာ ဦးဟိန်းမင်းစိုး (၆/ကသန(နိုင်) ၀၇၉၇၈၃) ဒေါ်ဇင်မာလွင် ၆/ထဝန(နိုင်)၁၄၄၈၇၂ ဖြစ်ပါကြောင်း။

ဦးဟိန်းမင်းစိုး-ဒေါ်ဇင်မာလွင်

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ တလိုင်းစုရပ်ကွက်၊ အကွက်အမှတ် (၁၅)၊ အကွက်အမည်၊ တလိုင်းစုကွင်း၊ ဦးပိုင်အမှတ် (၁၉/၁၈၉+၂၀/၁၈၉)၊ ဧရိယာ ၀ဒသမ၀၅၂ဧကေ အနက်မှ ဧရိယာ ၀ဒသမ၀၁၆ဧကကို ဘိုးဘပိုင်မြေအမည်ပြောင်းပေးရန် ဦးရဲဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့် ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၇၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘိုထွဋ် ၁၀/မလမ(နိုင်)၂၅၂၅၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8007,Foton Light Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစောငွေမင်း ၁၄/မမန(နိုင်)၀၇၈၂၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## ကန့်ကွက်နိုင်ပါကြောင်း

ဇမ္ဗူသီရိမြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်(၄၃)၊ မြေဧရိယာ (၀.၂၅၅)ဧကရှိ မြေကွက်အား ဒေါ်ခင်ဖြူ အမည်မှ ဒေါ်သန်းသန်းဌေး ၁/ဗမန(နိုင်)၀၅၀၃၃၅ အမည်သို့အမည်ပြောင်းမြေငှားဂရန် အသစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ဇမ္ဗူသီရိမြို့

## ဖောင်းကြွပျောက်

ယာဉ်အမှတ် 2I/8030 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(လှိုင်ကော်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5972 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြိတ်)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ရွှေဥဩမြို့ပတ်လမ်းနေ ဦးတင်ကျော်လွင်-ဒေါ်ညိုမာဝင်းတို့၏သား ကိုထွဋ်ပိုင်ခန့် ၁၀/ကထန(နိုင်) ၁၅၇၄၅၁သည် မိဘဆွေမျိုးများအား ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုလုပ်နေသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘ-ဦးတင်ကျော်လွင်-ဒေါ်ညိုမာဝင်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၉၉၆၆, Honda Wave 100, NCX, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မော်ဝေ ၆/တသရ (နိုင်)၀၆၇၉၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြိတ်)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 27W/92822, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမွန်ကျော် ၃/မဝတ(နိုင်)၀၂၁၁၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြဝတီ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၈၃၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးတင်ဇော် ၇/သနပ(နိုင်)၀၇၅၃၀၂၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၅၆၅၄၄၅

## ပတ်စ်ပို့ပျောက်

ကျွန်တော် မဇင်သူဝင်း ၇/ပခန(နိုင်)၃၃၆၃၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၇၉၉၆၂

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (၁)၊ (G-12)မှ မောင်အာကာမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဝိုင်းဇော်ချစ် ၁၄/မမက(နိုင်)၁၆၈၄၅၀ ဖြစ်ပါကြောင်း။

ဦးဝိုင်းဇော်ချစ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/35161, GM Sawadee 115 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထက် ၁၄/ညတန(နိုင်)၁၈၀၇၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်)

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## ညောင်လေးပင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉

ကွယ်လွန်သူ - သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဥတ္တမသာရ(သုဓမ္မာရာမပရိယတ္တိ စာသင်တိုက်၊ ပိန်းဇလုပ်မြို့)၌ ကျန်ရစ်သောပစ္စည်းအကြောင်း။
ဦးပညိန္ဒ(သုဓမ္မာရာမပရိယတ္တိစာသင်တိုက်၊ ပိန်းဇလုပ်မြို့)------လျှောက်သူ

ပိန်းဇလုပ်မြို့၊ သုဓမ္မာရာမပရိယတ္တိစာသင်တိုက်နေ ဦးပညိန္ဒက ကွယ်လွန်သူ ဘဒ္ဒန္တဥတ္တမသာရ(ယခင်ပျံလွန်တော်မူသွားသည့် ကျောင်းထိုင်ဆရာတော်)၏ (၁) (သံဃိက)ဆက်ခံသူဖြစ်သည်ဟု၍ ပိန်းဇလုပ်မြို့၊ သုဓမ္မာရာမပရိယတ္တိ စာသင်တိုက်နေ၊ ၎င်းကွယ်လွန်သူဘဒ္ဒန္တဥတ္တမသာရမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဘဒ္ဒန္တဥတ္တမသာရမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးပညိန္ဒ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ညောင်လေးပင်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀ )
## မုဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၁

| | | |
|---|---|---|
| ဒေါ်အိအိသူ | နှင့် | ဦးသိန်းနိုင်ဦး |
| (တရားလို) | | (တရားပြိုင် ) |

မုဒုံမြို့နယ်၊ ဒိုးမားကျေးရွာ (မြောက်ပိုင်း)နေ တရားပြိုင် ဦးသိန်းနိုင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်မြင့်ဌေး)
မြို့နယ်တရားသူကြီး
မုဒုံမြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )
## မကွေးခရိုင်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၈ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၇၃

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (မကွေးဘဏ်ခွဲ-၁) ၏ကိုယ်စား ဦးစန်းမောင်ကြည် (ဘဏ်ခွဲတာဝန်ခံမန်နေဂျာ) | နှင့် | ၁။ ဦးအောင်ဝင်းကျော် ၂။ ဒေါ်မာမာလွင် (၎င်းတို့၏ အထူးကိုယ်စားလှယ်စာရသူ ဦးဖြိုး) |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

(၁) ဦးအောင်ဝင်းကျော်၊ (၂) ဒေါ်မာမာလွင်(၎င်းတို့၏အထူးကိုယ်စားလှယ်စာရသူဦးဖြိုး) အမှတ်(A/၂၄၀)၊ (၅)လမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့ (အတူနေ-ဇနီး) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကမ္ဘောဇဘဏ်လီမိတက်(မကွေးဘဏ်ခွဲ-၁)၏ကိုယ်စား ဦးစန်းမောင်ကြည် (ဘဏ်ခွဲတာဝန်ခံမန်နေဂျာ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးမော်)
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်- ၉ ဒီ- ဆံတော်အနောက်၊ ဦးပိုင်အမှတ်-၃၀၊ မြေချိန်ဧရိယာ (၀.၀၃၁)ဧကရှိ ဦးအောင်မြင့် အမည်ပေါက် ဂရန်မြေကွက်၏ တစ်ဝက်အရှေ့ဘက်အခြမ်း၊ (၀. ၀၁၆)ဧကမြေကွက်နှင့် နေအိမ်ခြံမြေအား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးခင်မောင်သန်း၊ ဒေါ်မို့မို့လှိုင်နှင့် ဦးအောင်လှိုင်မင်းသန်း မောင်နှမ(၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စောမာလာသည် အပိုင်ဝယ်ယူရန်အတွက် (၃-၁၀-၂၀၂၄) ရက်တွင် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောမာလာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစု (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၈၉) ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ဖုန်း-၀၉-၂၅၀၉၇၉၅၁၂**

## ပတ်စ်ပို့ပျောက်

မဇင်မာနွယ် ၇/ဖမန(နိုင်)၁၆၆၀၁၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၄၇၉၀၃၃၁

## ဖခင်အမည်မှန်

မကွေးမြို့၊ အ-ထ-က(ခွဲ) ကန်သာ Grade-8မှ မဆုနေခြည်စံ၏ ဖခင် ဦးနေဝင်းမောင်၏ အမည်မှန်မှာ ဦးနေမောင်ဝင်း(၈/မလန(နိုင်)၀၇၃၈၇၀) ဖြစ်ပါကြောင်း။

ဦးနေမောင်ဝင်း

## ဒေါ်တင်အေးကြည် ၁၂/မရက(နိုင်)၀၄၀၉၀၇နှင့် အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၂၂၅)ဟုခေါ်တွင်သော အလျား(၆၀)ပေxအနံ(၄၀)ပေရှိ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံ အပါအဝင် သီးပင် စားပင်၊ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၁၉-၉-၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာသကဲ့သို့ မိဘများဖြစ်ကြသော ဦးသောင်းထွန်းနှင့် ဒေါ်လှကြိုင်တို့ ပိုင်ဆိုင်ခဲ့သောပစ္စည်းမဟုတ်ကြောင်း၊ ၎င်းတို့ကွယ်လွန်သည့်အခါ အမွေပစ္စည်းအဖြစ် ကျန်ရှိခဲ့ခြင်းမဟုတ်ပါဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မောင်အေးမှ ၎င်း၏ငွေကျပ်(၁၅၀၀၀၀၀ဝ/တစ်ဆယ့် ငါးသိန်းကျပ်တိတိ)စိုက်ထုတ်ကာ ညီဖြစ်သူ ဦးဇော်မင်းထွန်းအားဝယ်ယူသူနေရာတွင် လက်မှတ်ရေးထိုးခိုင်းထားသောကြောင့် ဦးတင်မောင်အေး ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ကြောင်းကို ဒေါ်တင်အေးကြည်နှင့် အများသိစေရန် ကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးတင်မောင်အေး** | **ဦးရဲထိုက်အောင် (LL,B. LL.M)** |
| **၁၂/အစန(နိုင်)၀၁၈၄၆၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၅၅/၂၁)** |
| | **အမှတ်(၆၄၅)၊ အဝေရာလမ်း၊** |
| | **အောင်မေတ္တာ(ဃ)ရပ်ကွက်၊ မကွေးမြို့။** |
| | **ဖုန်း-၀၉- ၉၅၄၃၄၅၅၅၆** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၇၂/စ)၊ မြေဧရိယာ ၀.၀၅၅ဧကရှိ မြေအား ဦးမြင့်ရှောက်ချန်(ခ)ဦးသန်းအောင် ၉/မမန(နိုင်)၀၁၆၀၂၇မှ အမည်ပြောင်း/မြေငှားဂရန် သက်တမ်း တိုးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် (၃၃)နေ ဦးစိုးသန့်ဇင် ၁၄/ပသန(နိုင်)၀၁၃၆၀၉-ဒေါ်သင်းသင်းမော် ၁၄/ပသန(နိုင်)၀၅၆၆၂၀တို့၏သား မောင်နိုင်းဖုန်းဝေ ၁၄/ပသန(နိုင်)၂၇၃၆၃၃သည်မိဘ၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိုးသန့်ဇင်-ဒေါ်သင်းသင်းမော်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ်(၂၁၆)၊ (၄၁x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(အမှတ်၂၁၄နှင့် ကပ်လျက်ခြမ်း) ဖြစ်သည့် အမှတ်(၂၁၆/ခ)၊ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန်မူလအမည်ပေါက် ဦးခင်ဇော် K/RGN-၀၀၃၃၉၆၊၁၂/တမန(နိုင်)၀၃၅၇၄၈မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နွေးနေခြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/97638,Honda Dream-C100P,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးကျော်မျိုး ၃/ဘအန(နိုင်)၂၁၆၆၁၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး
(ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/8326 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၁၂/ကတတ(နိုင်)၀၂၂၃၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး (ဘီ)ရုံ၊ မဟာဗန္ဓုလလမ်းမပေါ် ၂၅လမ်းနှင့် ၂၆လမ်းကြား ဆိုင်အမှတ် (၃၇၀/ခ)၊ (အပြင်တန်း)၊ အကျယ်အဝန်း(၆ပေx၁၂ပေ)ရှိ ဆိုင်ခန်း(၁)ခန်းကို မိခင် ဒေါ်စန်းစန်းရီ ၁၂/ပဇတ(နိုင်)၀၀၃၈၀၃မှ ဆိုင်ခန်းအမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ မိခင် ဒေါ်စန်းစန်းရီမှာ (၈-၇-၂၀၁၈)ရက်တွင် လည်းကောင်း၊ ဖခင်ဦးအောင်ချစ်မှာ(၂၃-၁၀-၂၀၀၃)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ သားသမီးများဖြစ်သော (၁)ဒေါ်ဇာရီအောင် ၁၂/ရကန (နိုင်)၀၄၅၃၇၆၊ (၂) ဒေါ်သီတာအောင် ၁၂/ရကန(နိုင်)၀၄၇၄၈၂၊ (၃) ဦးမျိုးမင်း ၁၂/ပဇတ(နိုင်)၀၀၃၈၀၄၊ (၄) ဦးညွှန့်ဝင်း ၁၂/ပဇတ(နိုင်)၀၀၃၈၀၆နှင့်(၅)ဒေါ်ရည်ရည်မွန် (၁၂/ပဇတ(နိုင်)၀၀၃၈၀၈တို့(၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင်လာပြီး အဆိုပါလူပုဂ္ဂိုလ် (၅)ဦးက ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းတို့(၅)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါဆိုင်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့)ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

